ရဟန္တာအရှင် ဗုဒ္ဓမတညူအဋ္ဌကထာ ကျမ်းပြုဟု
ကျော်ကြားတော်မူ...
သထုံမြို့ ကျေးဇူးရှင် မူလမင်းကွန်း ဆရာတော်ဘုရားကြီးက
ဗာဟိယသုတ်ဖြင့် ဝိပဿနာဉာဏ်ကို ပြဆော်သော...

ယထာဘူတရှုဘွယ်ကျမ်းနှင့်

မဟာဝေပုလ္လဝန္ဒနာ ဘုရားရှိခိုး

စာအုပ်ရေ ၅၀၀-ကို (မူလတရားဝင်) မင်းကွန်း ပဋိပတ္တိ သာသနာနုဂ္ဂဟအသင်းကြီးသို့၎င်း၊ စာအုပ်ရေ ၅၀၀-ကို သထုံမြို့ မင်းကွန်း ဇေတဝန် ကျောင်းသို့၎င်း...

သင့်ဘဝ ဦးတင်မောင်နှင့် ဒေါ်ခင်မြင့်
သမီး ခင်မြင့်မြင့်တင်တို့က လှူဒါန်းပါသည်။


သင့်ဘဝစာပုံနှိပ်တိုက်၊ ၀၇-မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်
ဖုန်း-၅၁၀၉၀
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်-၇၂၇

ထုတ်ဝေသူ။ ။ဦးတင်မောင်(၀၀၇၂) သင့်ဘဝစာအုပ်တိုက်
၀၇-မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။
ပုံနှိပ်သူ။ ။ဒေါ်ခင်မြင့် (၀၁၁၁) ဘဝစာပုံနှိပ်တိုက်
၀၇-မလ္လကုန်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။


# ယထာဘူတ

## ရှုဘွယ်ကျမ်း

နှင့်

## မဟာ ဝေပုလ္လဝန္ဒနာဘုရားရှိခိုး

မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး





နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ယထာဘူတ ရှုဘွယ်ကျမ်း

## ဗာဟိယသုတ်

### ၁။ ဝိပဿနာဉာဏ် အကျဉ်းချုပ်၍ ဗာဟိယသုတ်ကိုပြခြင်း

ဧဝဉှိတေ ဗာဟိယ သိက္ခိတဗ္ဗံ။ ယတော ခေါ တေ ဗာဟိယ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ။ သုတေ သုတမတ္တံ ဘဝိဿတိ။ မုတေ မုတမတ္တံ ဘဝိဿတိ။ ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိ။ တတော တွံ ဗာဟိယ န တေန။ ယတော တွံ ဗာဟိယ န တေန။ တတော တွံ ဗာဟိယ န တတ္ထ။ ယတော တွံ ဗာဟိယ န တတ္ထ။ တတော တွံ ဗာဟိယ နေဝိဓ၊ န ဟုရံ၊ န ဥဘယမန္တရေန၊ ဧသေဝန္တော ဒုက္ခဿာတိ။ အထ ခေါ ဗာဟိယဿ ဒါရုစီရိယဿ ဘဂဝတော ဣမာယ သံခိတ္တာယ ဓမ္မဒေသနာယ တာဝဒေဝ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။

—ဥဒါန်း ပါဠိတော်

အနက်ကား။ ။ဗာဟိယ၊ ချစ်သားဗာဟိယ။ တေတယာ၊ သင်သည်။ဝေဒ္ဒိတ္တမိနာ မတွေ့နေဝ၊ဤမျှဖြင့်သာလျှင်။သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ ယတော၊ အကြင့် ကြောင့်။ ခေါ၊ စင်စစ်။ တေ၊ သင့်အား။ ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊မြင်၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ သုတေ၊ ကြားရာ၌။ သုတမတ္တံ၊ ကြား၏ဟုအမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ မုတေ၊ နံတွေ့,စားတွေ့,ထိတွေ့,တွေ့ရာ၌။ မုတမတ္တံ၊ တွေ့၏ဟု အမှတ်ပြုရုံမျှသည်။ ဘဝိဿတိ၊ဖြစ်ရာ၏။ ဝိညာတေ၊ သိရာ၌။ဝိညာတမတ္တံ၊ သိ၏ဟုအမှတ်ပြုရုံမျှသည်။ဘဝိဿတိ၊ ဖြစ်ရာ၏။ ဗာဟိယ၊ ချစ်သားဗာဟိယ။ တတော၊ ထို့ကြောင့်။ တွံ၊ ဘဝတဖန် သင်သည်။ တေန၊ ထိုအမှတ်ပြုရုံမျှဖြင့်။ နဘဝိဿတိ၊မဖြစ်ရာ။

ဗာဟိယ၊ ချစ်သား ဗာဟိယ။ ယတော၊ အကြင့်ကြောင့်။ တွံ၊ ဘဝတဖန်သင်သည်။ တေန၊ ထိုအမှတ်ပြုရုံမျှဖြင့်။ နဘဝိဿတိ၊ မဖြစ်ရာ။ ။ဗာဟိယ၊ ချစ်သားဗာဟိယ။ တတော၊ ထို့ကြောင့်။ တွံ၊ ဘဝတဖန်သင်သည်။ တတ္ထ၊ ထို ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ဝိညာဉ် ၆-ပါးတို့၌။ နဘဝိဿတိ၊ မဖြစ်ရာ။ ။ဗာဟိယ၊ ချစ်သားဗာဟိယ။ ယတော၊ အကြင့်ကြောင့်။ တွံ၊ ဘဝတဖန် သင်သည်။ တတ္ထ၊ ထိုဒွါရ ၆-ပါး, အာရုံ ၆-ပါး, ဝိညာဉ် ၆-ပါးတို့၌။ နဘဝိဿတိ၊ မဖြစ်ရာ။ ။ဗာဟိယ၊ ချစ်သားဗာဟိယ။ တတော၊ ထို့ကြောင့်။ဣဓ၊ ဤဒွါရ ၆-ပါး၌။ တွံ၊ ဘဝတဖန် သင်သည်။ နေဝဘဝိဿတိ၊ မဖြစ်ရာ။ ။ဟုရံ၊ ဤအာရုံ၆-ပါး၌။ တွံ၊ ဘဝတဖန်သင်သည်။ နဘဝိဿတိ၊ မဖြစ်ရာ။ ။ဥဘယမန္တရေန၊ ဤဒွါရ အာရုံ ၂-ပါးစုံတို့၏အကြား ဤဝိညာဉ် ၆-ပါး၌၊ တွံ၊ ဘဝတဖန်သင်သည်။ န ဘဝိဿတိ၊မဖြစ်ရာ။ ။သော၀



သောဝေ၊ဤသို့ဘဝတဖန်သင်မဖြစ်ခြင်းသည်ပင်လျှင်။ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တော၊အဆုံးနိဗ္ဗာန်တည်း။ ။ဣတိဝေ ဣမိနာမတွေ့ နေဝ၊ ဤမျှသာလျှင်။ တေတယာ၊ သင်သည်။ သိက္ခိတဗ္ဗံ၊ကျင့် အပ်၏။

အထခေါ၊ ထိုသို့ ဟောတော်မူသော အခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သံခိတ္တာယ၊ အကျဉ်းမျှသာဖြစ်သော။ ဣမာယ ဓမ္မဒေသနာယ၊ ဤတရားဒေသနာတော်ဖြင့်။ ဒါရုစီရိယဿ၊ ပျဉ်ချပ်သကင်္န်းဝတ်သော။ ဗာဟိယဿ၊ ဗာဟိယ၏။ စိတ္တံ၊ စိတ်သည်။ တာဝဒေဝ၊ ထိုတရားဆုံးသော ခဏ၌ပင်လျှင်။ အနုပါဒါယ၊ဥပါဒါန်မရှိသည်ဖြစ်၍။ အာသဝေဟိ၊အာသဝေါ တရား လေးပါးတို့မှ။ ဝိမုစ္စိ၊ အရဟတ္တဖိုလ်ရဟန္တာ ပုဂ္ဂိုလ်အဖြစ် ဖြင့် လွတ်ပြီ။

အမှာစကား

မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသော သူတော်ကောင်း အပေါင်းတို့သည် ဆိုခဲ့ပြီးသော ဗာဟိယသုတ်ပါဠိတော်ကြီးအတိုင်း မိမိတို့ နေရင်း,ထိုင်ရင်း,လုပ်ရင်း,ကိုင်ရင်း,သွားရင်း, စားရင်း, ကိုယ် အမူအရာ,နှုတ်အမူအရာ, စိတ်အမူအရာတို့၌ သတိဟူသော အမှတ်ကို မလစ်လပ်စေဘဲ အမြဲထင်အောင် ရှုမှတ်သော သူတို့သည် ဆိုလတ္တံ့သော ညာဏ်အတိုင်း အဆင့်ဆင့်တက်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ အမှန်ပေါက်ရောက်နိုင်သောနည်းဟု စိတ်ချကျေအေး၍ အသိအမှတ်ပြုကြပါကုန်။ ။ဤကား—အမှာစကားတည်း။

၂။ နာမရူပ ပရိစ္ဆေဒဉာဏ်

မျက်စိ,နား,နှာ,လျှာ, ကိုယ်,နှလုံး, ဤခြောက်ပါး တို့သည် ဒွါရခြောက်ပါး မည်ကုန်၏။ အဆင်း, အသံ, အနံ့, အရသာ,

အတွေ့,သဘော ဤခြောက်ပါးတို့သည် အာရုံခြောက်ပါး မည်ကုန်၏။ မြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, ထိခြင်း, သိခြင်း ဤခြောက်ပါးတို့သည် ဝိညာဉ် ခြောက်ပါး မည်ကုန်၏။

[အသီးအသီး သုံးပါးတတွဲတတွဲ ပေါင်းဆုံမိသော် မျက်စိ-အဆင်း-မြင်ခြင်း၊ နား-အသံ-ကြားခြင်း၊ နှာခေါင်း-အနံ့-နံခြင်း၊ လျှာ-အရသာ-စားခြင်း၊ ကိုယ်-အတွေ့-ထိခြင်း၊ နှလုံး-သဘော-သိခြင်း၊ဤသို့သောသူ့ ဒွါရ-သူ့ အာရုံ-သူ့ ဝိညာဉ် သုံးပါးစီတွဲ၍ အစ်ပွါယ်သဘောမလွဲအောင် စွဲမြဲစွာ မှတ်သားပါလေ။ ။အမှာစကားချုပ်။]

"ရူပံ အဘိဉေယျံ"အစ "ဇရာမရဏံ အဘိဉေယျံ" အဆုံးရှိသော ကောဋ္ဌာသ ၃၂-ပါးသည် ဒွါရ,အာရုံ, ဝိညာဉ်၏အရ ယထာရဟ ဖြစ်၏။ ဒွါရ, အာရုံ, ဝိညာဉ်မှ လွတ်သော ကောဋ္ဌာသ မရှိ။ဒေသနာက္ကမအားဖြင့် ဟောသော ကောဋ္ဌာသ အစဉ်မျှသာဖြစ်၏။အားထုတ်သောအစဉ်မဟုတ်ချေ။ ထို့ ကြောင့် ဒွါရ, အာရုံ, ဝိညာဉ်ကိုသာ အားထုတ်အပ်၏။ အကျယ် သိလိုမူ မင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး ရေးသားတော် မူသော "အာရမ္မဏ ဝိဓိ ဝိသဇ္ဇနာ"ကျမ်းကြီး ကို ကြည့်ရှုကြပါလေ။ ယခုပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အဆင့်ဆင့် ဝိပဿနာဉာဏ်အထူး၊ မဂ်ဉာဏ်အထူးကို ရခြင်းငှါ အလိုရှိသောသူသည် ဂေါတြဘူဉာဏ် အဆုံးရှိသော ဝိပဿနာဉာဏ် ၁၃-ပါးတို့တွင်အစဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာအားထုတ်လိုသော အာဒိကမ္မိက သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်ဖြစ်၍ ဒွါရ၌ အာရုံထင်သည်။ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့် သတိထင်အောင် အမှတ်ပြုလိုသည်ရှိသော် ပရိဗန္ဓဉာဏ်,ဥပကာရဉာဏ်,ဥပက္ကိလေသဉာဏ်များကို ကိုယ်၌ဖြစ်သော အခြင်းအရာအားဖြင့် ထင်ရှားစေ၍ ညွတ်



လွန်းသည်လည်းမဟုတ်၊ မညွတ်လွန်းသည်လည်း မဟုတ်၊ ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊ အနာဂတ်ကိုမလို၊ အတိတ်ကိုမလိုက်၊ ၆-ပါးသော ဌာနအင်္ဂါထိုက်သောဖြစ်ခိုက်ဖြစ်ခိုက် ပစ္စုပ္ပန်၌သာ စာနေရာတည်း စိတ်ကိုထား၍ မြင်သောကာလ မျက်စိ၌ အဆင်းထင်သည်၊ စက္ခုဝိညာဉ်မြင်သည်၏ အစွမ်းအားဖြင့်မြင်၏ဟု သတိထင်အောင်အမှတ်ပြု၍သာနေ၏။မျက်စိရုပ်,အဆင်းရုပ်,မြင်ခြင်း နာမ်ဟုအမှတ်မပြု၊ မျက်စိ,အဆင်း, မြင်ခြင်း နာမ်ရုပ်မထင်သည်မဟုတ်၊ ထင်၏။ နာမ်ရုပ် ထင်သောကြောင့်ပင်လျှင် မျက်စိဖြင့်အဆင်းကို မြင်သည်ဟု ပြောဆိုနိုင်၏။

ကြားသောကာလ နား၌ အသံထင်သည်၊ သောတဝိညာဏ် ကြားသည်၏ အစွမ်းအားဖြင့် ကြား၏ဟု သတိထင်အောင် အမှတ်ပြု၍သာနေ၏။ နားရုပ်,အသံရုပ်, ကြားခြင်း နာမ်ဟု အမှတ်မပြု။ နား,အသံ,ကြားခြင်း နာမ်ရုပ် မထင်သည်မဟုတ်၊ထင်၏။ ထင်သောကြောင့်ပင်လျှင် နားဖြင့်အသံကို ကြားသည်ဟုပြောဆိုနိုင်၏။

နံသောကာလ နှာခေါင်း၌ အနံ့ထင်သည်၊ ဃာနဝိညာဏ် နံသည်၏ အစွမ်းအားဖြင့် နံ၏ဟု သတိထင်အောင် အမှတ်ပြု၍သာနေ၏။ နှာခေါင်း ရုပ်,အနံ့ ရုပ်,နံခြင်းနာမ်ဟုအမှတ်မပြု။နှာခေါင်း, အနံ့,နံခြင်း နာမ်ရုပ် မထင်သည်မဟုတ်၊ ထင်၏။ ထင်သောကြောင့်ပင်လျှင် နှာခေါင်းဖြင့် အနံ့ကို နံသည်ဟု ပြောဆိုနိုင်၏။

စားသောကာလ လျှာ၌ အရသာထင်သည်၊ ဇိဝှါဝိညာဏ် စားသည်၏ အစွမ်းအားဖြင့် စား၏ဟု သတိထင်အောင် အမှတ်ပြု၍သာနေ၏။ လျှာရုပ်, အရသာ ရုပ်,စားနာမ်ဟု အမှတ်မပြု။ လျှာ,အရသာ,စားခြင်း နာမ်ရုပ်မထင်သည်မဟုတ်၊ ထင်၏။ ထင်

သောကြောင့် ပင်လျှင် လျှာဖြင့် အရသာကိုစားသည်ဟု ပြောဆိုနိုင်၏။

ထိသောကာလ ကိုယ်၌ အတွေ့ ထင်သည်၊ ကာယဝိညာဏ်ထိသည်၏အစွမ်းအားဖြင့် ထိ၏ဟု သတိ ထင်အောင် အမှတ်ပြု၍သာနေ၏။ ကိုယ်ရုပ်, အတွေ့ရုပ်, ထိနာမ်ဟု အမှတ်မပြု။ ကိုယ်, အတွေ့, ထိခြင်း နာမ်ရုပ် မထင်သည်မဟုတ်၊ ထင်၏။ ထင်သောကြောင့်ပင်လျှင် ကိုယ်ဖြင့် အတွေ့ကို ထိသည်ဟု ပြောဆိုနိုင်၏။

သိသောကာလ နှလုံး၌ သဘော ထင်သည်၊ မနောဝိညာဏ်သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြု၍သာနေ၏။ နှလုံးရုပ်, သဘောရုပ်,သိနာမ်ဟု အမှတ်မပြု။ နှလုံး, သဘော,သိခြင်း နာမ်ရုပ်မထင်သည်မဟုတ်၊ ထင်၏။ ထင်သောကြောင့်ပင်လျှင် စိတ်ဖြင့်သဘောကို သိသည်ဟု ပြောဆိုနိုင်၏။

ဤသို့အစရှိသော နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရှေးဦးစွာ အားထုတ်သော ပုဂ္ဂိုလ်သည် မြင်သော်မြင်၏ဟု အမှတ်ပြုရုံမျှ၊ ကြားသော် ကြား၏ဟု အမှတ်ပြုရုံမျှ၊ နံသော်- နံ၏ဟု အမှတ်ပြုရုံမျှ၊ စားသော်- စား၏ဟု အမှတ်ပြုရုံမျှ၊ ထိသော်- ထိ၏ဟု အမှတ်ပြုရုံမျှ၊ သိသော်-သိ၏ဟု အမှတ်ပြုရုံမျှ၊ မပြတ်ထင်သော် သိသဖြင့် နာမ်ရုပ်မျှသာ ရှိ၏။ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား, မိန်းမ မရှိဟု ဆုံးဖြတ်သောဉာဏ် တဘက်ကမ်းရောက်၏။ ယထာဘူတဉာဏ်ဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်၏ ကလျာဏ ၃-ပါး, လက္ခဏာ ၁၀ ပါး, အင်္ဂါ ၅-ပါး, ဂုဏ်ရည် ၅-ပါးကို ယူအပ်၏။

၃။ ကလျာဏ လက္ခဏာ

ဝိပဿနာ-ကေတ္တဟူသည် ကိလေသာ အဖေါ်ကင်း တကိုယ်တည်း ခြင်း တည် သော စိတ်တည်း။ တကိုယ်တည်းခြင်း တည်



သော စိတ်နှင့်ယှဉ်သော ဝိပဿနာဉာဏ်၏ အစ, အလယ်, အဆုံး သုံးပါးတို့တွင် အကျင့်၏ စင်ကြယ်ခြင်းကားအစ၊ ဥပေက္ခာကို ပွားခြင်းကား အလယ်၊ ကိစ္စ၏ပြီးဆုံးခြင်းကား အဆုံး။

ဝိပဿနာ ဉာဏ်၏ အကျင့် စင်ကြယ်ခြင်းကား အစ၊ အစ၏ လက္ခဏာတို့ကား သုံးပါး။ ထိုသုံးပါးတို့တွင် စိတ်၏ ကိလေသာ အနှောက် အယှက်မှ စင်ကြယ်ခြင်း တပါး -၁၊ စိတ်သည် ကိလေသာမှ ငြိမ်းသော သမထ နိမိတ်ကိုကျင့်ခြင်း တပါး- ၂၊စိတ်သည် သမထနိမိတ်သို့ ပြေးဝင်ခြင်း တပါး -၃၊ ဝိပဿနာ ဉာဏ်၏ အကျင့် စင်ကြယ်ခြင်းကား အစ၊ အစ၏လက္ခဏာ တို့ကား ဤ သုံးပါးတို့တည်း။

ဝိပဿနာဉာဏ်၏ ဥပေက္ခာကိုပွားခြင်းကားအလယ်၊ အလယ်၏လက္ခဏာတို့ကားသုံးပါး။ ထိုသုံးပါးတို့တွင် ကိလေသာမှ စင်ကြယ်သော စိတ်ကို အမျှ ရှုခြင်းတပါး၊ သမထ နိမိတ်ကို ကျင့်သောစိတ်ကို အမျှရှုခြင်းတပါး၊ကိလေသာအဖေါ်ကင်း တကိုယ်တည်းခြင်းထင်သောစိတ်ကို အမျှရှုခြင်းတပါး၊ ဝိပဿနာဉာဏ်၏ ဥပေက္ခာကို ပွားခြင်းကားအလယ်၊ အလယ်၏ လက္ခဏာတို့ကား ဤသုံးပါးတို့တည်း။

ဝိပဿနာဉာဏ်၏ ကိစ္စပြီးဆုံးခြင်းကားအဆုံး၊ အဆုံး၏ လက္ခဏာတို့ကားလေးပါး။ ထိုလေးပါးတို့တွင် ထိုဝိပဿနာစိတ်၌ ဖြစ်သော သမာဓိ,ပညာတရား အစုံတို့၏ အချင်းချင်း မလွန်ခြင်းကြောင့် ကိစ္စပြီးဆုံးခြင်းတပါး၊ ဣန္ဒြေငါးပါးတို့၏ ကိလေသာမှလွတ်သော ကိစ္စတူခြင်းကြောင့် ကိစ္စပြီးဆုံးခြင်း တပါး၊ ထိုသမာဓိ, ပညာတို့၏ အချင်းချင်းမလွန်သော အနက် သဘော, ဣန္ဒြေငါးပါးတို့၏ကိစ္စတူသော အနက်သဘောအား လျောက်ပတ်သော ဝီရိယကို ရွက်ဆောင်ခြင်းကြောင့် ကိစ္စ ပြီးဆုံးခြင်း

တပါး၊ ဥပါဒ်ခဏ တရားတို့၏ အခြင်းအရာကို ဌီခဏ, ဘင်ခဏ ဖြင့်မှီဝဲခြင်းကြောင့် ကိစ္စပြီးဆုံးခြင်း တပါး။ ဝိပဿနာဉာဏ်၏ ပြီးဆုံးခြင်းကား အဆုံး၊ အဆုံး၏ လက္ခဏာတို့ကား ဤ ၄-ပါး တို့တည်း။

ဤသို့ ဝိပဿနာဉာဏ်တဉာဏ်၏ အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း, အဆုံး၏ကောင်းခြင်း၊ လက္ခဏာအားဖြင့် ၁၀-ပါး ဖြစ်ပါသတည်း။ ဤသို့ ဆိုအပ်ပြီးသော အပြား အားဖြင့် ပဋိပဒါဝိသုဒ္ဓိအကျင့်, ဥပေက္ခာနုဗြူဟနအကျင့်, သမ္ပဟံသနာအကျင့် ၃-ပါးသို့လည်းရောက်, ကလျာဏ ၃-ပါးလည်းရှိ, လက္ခဏာ ၁၀-ပါးနှင့်လည်း ပြည့်စုံသော ဝိပဿနာစိတ်သည် ဝိတက်အင်္ဂါတပါး၊ ဝိစာရ အင်္ဂါတပါး၊ ပီတိအင်္ဂါ တပါး၊ သုခအင်္ဂါ တပါး၊ ဧကဂ္ဂတာအင်္ဂါတပါး၊ ဤအင်္ဂါ ၅-ပါးနှင့်လည်း ပြည့်စုံ၏။

သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, ဤ ဣန္ဒြေ ၅-ပါးနှင့်လည်း ပြည့်စုံ၏။ ဝိပဿနာ တဉာဏ်တဉာဏ်၏ အဆုံး၌ ကလျာဏ ၃-ပါး၊ လက္ခဏာ ၁၀-ပါး၊ အင်္ဂါ ၅-ပါး၊ ဣန္ဒြေ ၅-ပါးကို ယူဟု အမှာ ကိုသာ ပြုတော့မည်။ ဆိုလတ္တံ့သော ဝိပဿနာဉာဏ်များကို ဤ အတိုင်းပင် ယူကြပါလေ။

## ၄။ ပစ္စယပရိဂ္ဂဟဉာဏ်

နာမရူပ ပရိစ္ဆေဒဉာဏ် တဖက်ကမ်း ရောက်သော သူသည် ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ၌ထင်သောအာရုံသည် ရုပ်၊ သိသောဝိညာဉ်သည် နာမ်၊ ဤရုပ်နာမ် နှစ်ပါးအကြောင်းကို သိမ်းဆည်းလိုသည် ရှိသော် နာမ်ရုပ် နှစ်ပါးသည် အကျိုး



အားဖြင့် ငါးပါးထင်ရှား၏။ အဘယ်သို့ ထင်ရှားသနည်း။ ဖြစ်ခိုက်ဖြစ်ခိုက် တပါးပါးသောဒွါရ၌ ထင်သောအာရုံကို သိသော ဝိညာဉ် အကျိုးတပါး၊ ထင်သောအာရုံသို့ သက်ဝင်သော နာမ်ရုပ် အကျိုးတပါး၊ အာရုံထင် ကြည်လင်သော ဒွါရ, သဠာယတန အကျိုးတပါး၊ ထင်သော အာရုံနှင့် တွေ့သော ဖဿ အကျိုး တပါး၊ ထင်သောအာရုံကို ခံစားသော ဝေဒနာ အကျိုးတပါး၊ ဤသို့နာမ်ရုပ်နှစ်ပါးသည် အကျိုးအားဖြင့် ငါးပါးထင်ရှား၏။ အကြောင်းသည် အခြင်းအရာအားဖြင့် ငါးပါးထင်ရှား၏။ အဘယ်သို့ ထင်ရှားသနည်း။ အကျိုးငါးပါး၏ မသိသော အဝိဇ္ဇာသည် အကြောင်း တပါး၊ အကျိုးငါးပါး၏ အားထုတ်သော ကုသိုလ်, အကုသိုလ်, သင်္ခါရသည် အကြောင်းတပါး၊ အကျိုး ငါးပါး၏ တပ်မက်သောတဏှာသည် အကြောင်းတပါး၊ အကျိုး ငါးပါး၏ စွဲလမ်းသော ဥပါဒါန်သည် အကြောင်း တပါး၊ အကျိုးငါးပါး၏ပြုသောကုသိုလ်, အကုသိုလ်, ကံသည်အကြောင်း တပါး၊ ဤသို့အကြောင်းသည် အခြင်းအရာအားဖြင့် ငါးပါးထင် ရှား၏။

ထင်ရှားသော ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, အကျိုးငါးပါးကို ရုပ်နာမ်ဟု မှတ်၍ ထင်ရှားသော အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပဒါန်, ကံ, အကြောင်းငါးပါးကို တပေါင်း တည်း အကြောင်းဟု မှတ်၍ နာမ်ရုပ်၏ အကြောင်းကို သိမ်း ဆည်းလိုသည်ရှိသော် ဖြစ်ခိုက်ဖြစ်ခိုက်တပါးပါးသောဒွါရ၌အာ ရုံထင်သည်၊ ဝိညာဉ်သိသည်၏အစွမ်းအားဖြင့် သတိထင်အောင်အ မှတ်ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ်ရုပ်နာမ်ထင်၏။ ထင်ပြီး၍ တ ဆင့် ဤရုပ်နာမ်သည် အကြောင်း ငါးပါးကြောင့်ဖြစ်၏ဟု ရှု၏။ ဤသို့ ဖြစ်ခိုက်ဖြစ်ခိုက် ပစ္စုပ္ပန်ရုပ်နာမ် ထင်၏။ ပစ္စုပ္ပန် ရုပ်နာမ်

သက်သက်ရှုသော သုဒ္ဓဝိပဿနာယာနိကဖြစ်၍ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်း ခံ့၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ပရိယုဋ္ဌာန သံယောဇဉ် ပျောက်၏။ ပစ္စယပရိဂ္ဂဟဉာဏ် အထူးကို ရ၏။ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးတို့၌ အကြောင်းနှင့်အကျိုးမျှသာရှိ၏။ အကြောင်း၌လည်းအကျိုးမရှိ။ အကျိုး၌လည်း အကြောင်းမရှိ။ အကြောင်းကြောင့်သာ အကျိုးဖြစ်၏။ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ရှိ၏။ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမ မရှိဟုဆုံးဖြတ်၏။ ယထာဘူတဉာဏ်ဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်၏ ကလျာဏ သုံးပါး လက္ခဏာ ဆယ်ပါး၊ အင်္ဂါငါးပါး၊ ဣန္ဒြေငါးပါးကို ဆိုပြီးသော ဉာဏ်အတိုင်း မှတ်ယူပါလေ။

## ၅။ သမ္မသနဉာဏ်

ပစ္စယ ပရိဂ္ဂဟဉာဏ် တဖက်ကမ်း ရောက်သောသူသည် နာမ်ရုပ်တို့၏ ဖြစ်ရာတည်ရာ ဩကာသ အရပ် ၁၁-ပါးတို့ဖြင့် သုံးသပ်သည်ရှိသော် မြင်သော ကာလမျက်စိ၌ အဆင်းထင်သည်၊ စက္ခုဝိညာဉ် မြင်သည်၏ အစွမ်းအားဖြင့် မြင်၏ဟုသတိထင်အောင် အမှတ်ပြုသဖြင့် မျက်စိ, အဆင်း, မြင်ခြင်း နာမ်ရုပ်ထင်၍။ ပ။ ဤနာမ်ရုပ်သည် အကြောင်းကြောင့်ဖြစ်၏။ အာရုံကူးပြောင်းတိုင်း ကူးပြောင်းတိုင်း ယခုပစ္စုပ္ပန်မြင်သဖြင့် ရှေးကဖြစ်ပြီးသော နာမ်ရုပ်သည် ယခုသို့ မရောက်။ ယခုဖြစ်သောနာမ်ရုပ်သည် နောက်သို့ မရောက်။ အတွင်းဖြစ်သော နာမ်ရုပ်သည် အပသို့မရောက်။ အပ ဖြစ်သော နာမ်ရုပ်သည် အတွင်းသို့ မရောက်။ ကြမ်းသော နာမ်ရုပ်သည် အနုသို့ မရောက်။ နုသော နာမ်ရုပ်သည် အကြမ်း သို့ မရောက်။ ယုတ်သော နာမ်ရုပ်သည် အမြတ်သို့ မရောက်။ မြတ်



သော နာမ်ရုပ်သည် အယုတ်သို့ မရောက်။ ဝေးသောနာမ်ရုပ်သည် အနီးသို့ မရောက်။ နီးသော နာမ်ရုပ်သည် အဝေးသို့ မရောက်။ ကုန်သော အနက်သဘောကြောင့် မမြဲ။ မမြဲသောအနက်သဘောသည်ပင်လျှင် ကြောက်အပ်သော အနက်သဘောကြောင့် ဆင်းရဲ။ ဆင်းရဲသောအနက်သည်ပင်လျှင် အနှစ်ကင်းသော အနက်သဘောကြောင့် အစိုးမရဟု သုံးသပ်၏။ ပ။ ဤနာမ်ရုပ်သည် အကြောင်းကြောင့်ဖြစ်၏။ ဤနာမ်ရုပ်သည် ယခုလည်း အကြောင်းကြောင့် ဖြစ်သကဲ့သို့ ထို့အတူ ရှေးကလည်း အကြောင်းကြောင့် ဖြစ်ပြီး၊ နောင်ခါလည်း အကြောင်းကြောင့် ဖြစ်လတ္တံ့ဟု ရှုပြီးမှ ဖြစ်ခိုက်ကုန်သော အနက်သဘောကြောင့် မမြဲ, ဆင်းရဲ, အစိုးမရဟု သုံးသပ်၍သာနေ၏။ နာမ်ရုပ်၏ ညွတ်သော, ဖောက်ပြန်သောအားဖြင့် အခိုက်အတံ့ကိုသာ ပစ္စုပ္ပန် တနေရာတည်းရှုမှတ် သုံးသပ်၍နေသဖြင့် စိတ်လည်းမပျံ့လွင့်၊ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ငြိမ်း၏။ သမ္မသနဉာဏ် အထူးကိုလည်းရ၏။ ။နိစ္စသညာ, သုခသညာ, အတ္တသညာ, ကင်းပျောက် သ ဖြင့် ဝိပဿနာဉာဏ်၏ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာဖြင့် သမ္မသနဉာဏ်၏ ကလျာဏ ၃-ပါး၊ လက္ခဏာ ၁၀-ပါး၊ အင်္ဂါ ၅-ပါး၊ ဣန္ဒြေ ၅-ပါးကို ယူအပ်၏။

## ၆။ ဥဒယဗ္ဗယဉာဏ်

သမ္မသနဉာဏ် တဖက်ကမ်းရောက်သောသူသည် ဖြစ်ခိုက် ဖြစ်ခိုက် တပါးတပါးသော ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ, ဝိညာဉ်, နာမ်ရုပ်ထင်၍ ပစ္စုပ္ပန်သက်သက် နာမ်ရုပ်

အဖြစ်အပျက်ကိုသာ တနေရာတည်း ရှု၍နေသောကြောင့် မြင်သောကာလမျက်စိ၌ အဆင်းထင်သည်၊ စက္ခုဝိညာဉ်မြင် သည်၏ အစွမ်းအားဖြင့် မြင်၏ဟု သတိထင်အောင် အမှတ်ပြု သဖြင့် မျက်စိ,အဆင်း,မြင်ခြင်း,နာမ်ရုပ်ထင်၍ မြင်ခြင်း နာမ်ရုပ်၏ အစ ဥဒယသည်ကား ဖြစ်သောသဘော၊ မြင်ခြင်း နာမ်ရုပ်၏ အဆုံး ဝယသည်ကား ပျက်သောသဘောဟူ ရှု၏။

ကြားသောကာလ။ ပ။ နံသောကာလ။ ပ။ စားသောကာလ။ ပ။ ထိသောကာလ။ ပ။ သိသောကာလ။ ပ။ ဤသို့ ပစ္စုပ္ပန် သက်သက် နာမ်ရုပ်၏အဖြစ်အပျက်ကို ရှုသောသူသည် ဖြစ်ခိုက် ဖြစ်ခိုက်တပါးပါးသောဒွါရ၌အာရုံထင်သည်၊ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ, အာရုံ,ဝိညာဉ် ပစ္စုပ္ပန် နာမ်ရုပ်ထင်၍ နာမ်ရုပ်၏အစ ဥဒယသည် ကား ဖြစ်သောသဘော, နာမ်ရုပ်၏အဆုံး ဝယသည်ကား ပျက် သောသဘောဟု တမြင်တည်း မြင်၍သာနေ၏။ နာမ်ရုပ်ဖြစ်ခြင်း အစ ဥဒယ လက္ခဏာ ၂၅-ပါး၊ နာမ်ရုပ်ပျက်ခြင်း အစ ဝယ လက္ခဏာ ၂၅-ပါး၊ ဥဒယဗ္ဗယဉာဏ်ဖြင့် လက္ခဏာပေါင်း ၅၀-ယူ အပ်၏။ စိတ်လည်း မပျံ့လွင့်။ ဝိတက်အကြံလည်း ငြိမ်း၏။ ပရိယုဋ္ဌာန် သံယောဇဉ်ပျောက်၏။

ဝိပရိဏာမ လက္ခဏာအားဖြင့် ဥဒယဗ္ဗယဉာဏ်၏ ကလျာဏ ၃-ပါး၊ လက္ခဏာ ၁၀-ပါး၊ အင်္ဂါ ၅-ပါး၊ ဣန္ဒြေ ၅-ပါးကို ယူ အပ်၏။

ဥဒယဗ္ဗယ ဉာဏ်၏ လက္ခဏာ ၅၀-ကို သိလိုပါလျှင် "အာ ရမ္ဘဝိဓိ ဝိသဇ္ဇနာကျမ်း"ကိုကြည့်ကြပါလေ။

၇။ ဘင်္ဂဉာဏ်

ဥဒယဗ္ဗယဉာဏ် တဖက်ကမ်း ရောက်သောသူသည် နာမ်ရုပ်တို့



၏ဖြစ်သောသဘောပင် ရှိသော်လည်း ထင်သောသတိအားလျော် စွာ အဖြစ်ကိုပယ်၍ အပျက်ကိုမြင်သဖြင့် ဘင်္ဂဉာဏ်ကို ရခြင်းငှါ ဖြစ်ခိုက်ဖြစ်ခိုက်တပါးပါးသောဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ် သိ သည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြု သဖြင့်ဒွါရ,အာရုံ, ဝိညာဉ်,နာမ်ရုပ် ထင်၍နာမ်၏အဆုံးကို မြင်သ ဖြင့် ပျက်သောသဘော,ကုန်သော သဘောဟု ရှု၏။ ပျက်သော သဘော,ကုန်သောသဘောဟု ရှုသော စိတ်အဆုံးကို မြင်သဖြင့် ပျက်သောသဘော,ကုန်သောသဘောဟု တဆင့်ရှု၏။

ဤနာမ်ရုပ်သည် ယခုပျက်သကဲ့သို့ ထို့အတူ ရှေးကလည်း ပျက်ပြီး၊ နောင်ခါလည်း ပျက်လတ္တံ့ဟု ရှု၍သာနေ၏။ ပျက် သောနာမ်ရုပ်ကိုရှု၍ ထင်သောအားဖြင့် အနိစ္စာနုပဿနာ, ဒုက္ခာ နုပဿနာ,အနတ္တာနုပဿနာ, နိဗ္ဗိဒါနုပဿနာ, ဝိရာဂါနုပဿနာ, နိရောဓာနုပဿနာ, ပဋိနိဿဂ္ဂါနုပဿနာ ၇-ပါးဖြင့် ပျက်သော နာမ်ရုပ်ကို ရှု၍ အနုပဿနာ ပယ်ဖျောက်သော အားဖြင့် နိစ္စ သညာ, သုခသညာ, အတ္တသညာ, နန္ဒီ, ရာဂ, သမုဒယ, အာဒါန ၇-ပါး ကင်းပျောက်၏။ မမြဲဟု ရှု၏၊ မမြဲဟု ရှု။ ဆင်းရဲဟု ရှု၏၊ ချမ်းသာ ဟုမရှု။ အစိုးမရဟုရှု၏၊ အစိုးရဟု မရှု။ ငြီးငွေ့၏၊ မနှစ် သက်။ တပ်မက်ကင်း၏၊ မတပ်မက်။ အနုသယ ပရိယုဋ္ဌာန် ဘဝ တဖန်ကိုချုပ်စေ၏။ ဘဝတဖန် မဖြစ်စေ။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်း ခံ့၏။ ဝိပဿနာ၏ အညစ် အ ကြေးလည်း ပျောက်၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက် ၏။ဘင်္ဂဉာဏ်အထူးကိုလည်းရ၏။ခယာနုပဿနာ,ဝယာနုပဿနာ, ဘင်္ဂဉာဏ်၏ ကလျာဏသုံးပါး၊ လက္ခဏာဆယ်ပါး၊ အင်္ဂါငါး ပါး၊ ဣန္ဒြေငါးပါးကို ယူအပ်၏။

### ၈။ ဘယ စသော ဉာဏ် ၃-ပါး

ဘင်္ဂဉာဏ် တဖက်ကမ်း ရောက်သောသူသည် ဘေးထင်သဖြင့် အာဒီဝနဉာဏ်ကို ရခြင်းငှါ ဖြစ်ခိုက် ဖြစ်ခိုက် တပါးပါးသော ဒွါရ၌အာရုံထင်သည်၊ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့် သတိထင်အောင် အမှတ်ပြု၍သာနေသဖြင့် ဒွါရ,အာရုံ, ဝိညာဉ်, နာမ်ရုပ်ထင်၍ နာမ်ရုပ်၏ဖြစ်ခြင်းသည်ကား ဘေးတည်းဟု အပြစ်ထင်၏။ နာမ်ရုပ် မဖြစ်ရခြင်းသည်ကား ဘေးဧတည်းဟု နိဗ္ဗာန်ထင်၏။ နာမ်ရုပ် အစဉ်မပြတ်ဖြစ်ရခြင်းသည်ကား ဘေးတည်းဟု အပြစ်ထင်၏။ နာမ်ရုပ်အစဉ်ပြတ်ရခြင်းသည်ကား ဘေးဧတည်းဟု နိဗ္ဗာန်ထင်၏။ နာမ်ရုပ် နိမိတ်ထင်ရခြင်းသည်ကား ဘေးတည်းဟု အပြစ်ထင်၏။ နာမ်ရုပ် နိမိတ်မထင်ရခြင်းသည်ကား ဘေးဧတည်းဟု နိဗ္ဗာန်ထင်၏။ နာမ်ရုပ်အားထုတ်ရခြင်းသည်ကား ဘေးတည်းဟု အပြစ်ထင်၏။ နာမ်ရုပ် အားမထုတ်ရခြင်းသည်ကား ဘေးဧတည်းဟု နိဗ္ဗာန်ထင်၏။ နောက်တဖန် နာမ်ရုပ်နှင့် စပ်ရခြင်းသည်ကား ဘေးတည်းဟု အပြစ်ထင်၏။ နောက်တဖန် နာမ်ရုပ်နှင့် မစပ်ရခြင်းသည်ကား ဘေးဧတည်းဟု နိဗ္ဗာန်ထင်၏။

ဤသို့အပြစ်ထင်သော အာဒီနဝဉာဏ်၊နိဗ္ဗာန်ထင်သော သန္တိပဒဉာဏ်၊ အစုံအစုံဖြင့် ဒွါရ, အာရုံ, ဝိညာဉ်,နာမ်ရုပ် ထင်တိုင်း ထင်တိုင်း ရှု၍သာနေ၏။ စိတ်လည်း မပျံ့လွင့်။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက်အကြံလည်း ပျောက်၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ အာဒီနဝ ဉာဏ်အထူးကိုလည်းရ၏။ အာဒီနဝါနုပဿနာတပါးတည်းဖြင့် ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်၏ ကလျာဏ ၃-ပါး၊ လက္ခဏာ ၁၀-ပါး၊ အင်္ဂါ ၅-ပါး၊ ဣန္ဒြေ ၅-ပါးကို ယူအပ်၏။



### ၉။ မုဉ္စိတုကမျတာ စသော ဉာဏ် ၃-ပါး

အာဒီနဝဉာဏ် တဖက်ကမ်း ရောက်သောသူသည် လွတ်လိုသဖြင့် အစ၌လွတ်လိုသော မုဉ္စိတု ကမျတာဉာဏ်, အလယ်၌ လွတ်အောင် ဆင်ခြင်သော ပဋိသင်္ခါဉာဏ်, အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှုသော သင်္ခါရုပေက္ခာ ဉာဏ်ကို ရခြင်းငှါ ဖြစ်ခိုက်ဖြစ်ခိုက် တပါးပါးသော ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ် သိသည်၏ အစွမ်းအားဖြင့် သတိထင်အောင်အမှတ်ပြုသဖြင့်ဒွါရ,အာရုံ, ဝိညာဉ်, နာမ်ရုပ် ထင်၍ နာမ်ရုပ်၏ ဖြစ်ခြင်းသည်ကား ဆင်းရဲတည်းဟု အစ၌ လွတ်လို၏။ နာမ်ရုပ်၏ ဖြစ်ခြင်းသည်ကား ဆင်းရဲတည်းဟု အလယ်၌ လွတ်အောင် ဆင်ခြင်၏။ နာမ်ရုပ်၏ ဖြစ်ခြင်းသည်ကား ဆင်းရဲတည်းဟု အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှု၏။ နာမ်ရုပ်၏ အစဉ်မပြတ် ဖြစ်ရခြင်းသည်ကားဆင်းရဲတည်းဟု အစ၌လွတ်လို၏။ နာမ်ရုပ်၏ အစဉ်မပြတ် ဖြစ်ရခြင်း သည်ကား ဆင်းရဲတည်းဟု အလယ်၌ လွတ်အောင် ဆင်ခြင်၏။ နာမ်ရုပ်၏ အစဉ်မပြတ် ဖြစ်ရခြင်းသည်ကား ဆင်းရဲတည်းဟု အဆုံး၌ လွတ်၍ ညီညွတ်အောင် ရှု၏။ နာမ်ရုပ်၏ နိမိတ် ထင်ခြင်း သည်ကား ဆင်းရဲ တည်းဟု အစ၌ လွတ်လို၏။ နာမ်ရုပ်၏ နိမိတ်ထင်ခြင်းသည်ကား ဆင်းရဲတည်းဟု အလယ်၌ လွတ်အောင် ဆင်ခြင်၏။ နာမ်ရုပ်၏ နိမိတ်ထင်ခြင်းသည်ကား ဆင်းရဲတည်းဟု အဆုံး၌ လွတ်၍ညီညွတ်အောင်ရှု၏။ နာမ်ရုပ်၏ အားထုတ်ရခြင်းသည်ကားဆင်းရဲတည်းဟု အစ၌ လွတ်လို၏။နာမ်ရုပ်၏အားထုတ်ရခြင်းသည်ကားဆင်းရဲတည်းဟု အလယ်၌ လွတ်အောင်ဆင်ခြင်၏။နာမ်ရုပ်၏အားထုတ်ရခြင်းသည်ကား ဆင်းရဲတည်းဟု အဆုံး၌လွတ်၍ညီညွတ်အောင်ရှု၏။ ယခုနာမ်ရုပ်နှင့်နောင်နာမ်ရုပ်စပ်ရ

ခြင်းသည်ကားဆင်းရဲတည်းဟု အစဉ်လွှတ်လို၏။ ယခုနာမ်ရုပ်နှင့် နောင်နာမ်ရုပ် စပ်ရခြင်းသည်ကား ဆင်းရဲတည်းဟု အလယ်၌ လွှတ်အောင် ဆင်ခြင်၏။ ယခု နာမ်ရုပ်နှင့် နောင် နာမ်ရုပ်စပ်ရခြင်းသည်ကား ဆင်းရဲတည်းဟု အဆုံး၌လွှတ်၍ ညီညွတ်အောင် ရှု၏။

ဤသို့အစ၌ လွှတ်လိုသော မုဉ္စိတုကမျတာဉာဏ်, အလယ်၌ လွှတ်အောင်ဆင်ခြင်သော ပဋိသင်္ခါဉာဏ်, အဆုံး၌ လွှတ်၍ ညီညွတ်အောင်ရှုသော သင်္ခါရုပေက္ခာဉာဏ် ၃-ပါးဖြင့် ဒွါရ, အာရုံ,ဝိညာဉ်, နာမ်ရုပ် ထင်တိုင်းထင်တိုင်း ရှု၍သာနေ၏။ စိတ်လည်း မပျံ့လွင့်။ အားထုတ်သော ကိုယ်စိတ်လည်း ခံ၏။ ဝိပဿနာ၏ အညစ်အကြေးလည်း ပျောက်၏။ ဝိတက်အကြံလည်း ပျောက်၏။ ပရိယုဋ္ဌာန် သံယောဇဉ်လည်း ပျောက်၏။ မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် ၃-ပါး၏ ကလျာဏ ၃-ပါး၊ လက္ခဏာ ၁၀-ပါး၊ အင်္ဂါ ၅-ပါး၊ ဣန္ဒြေ ၅ ပါးကို ယူအပ်၏။

## ၁၀။ အနုလောမ စသောဉာဏ် ၅-ပါး

သင်္ခါရုပေက္ခာဉာဏ် တဖက်ကမ်းရောက်သောသူသည် နိဗ္ဗာန်ကိုမြင်သဖြင့်“အနိစ္စတော”အစ“သံကိလေသိက ဓမ္မတော”အဆုံးရှိသောဝိပဿနာ ၄၀-တို့တွင် အနိစ္စတော၏အရ မင်္ဂသို့ရောက်သော ဝိပဿနာ ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်သော သင်္ခါရုပေက္ခာဉာဏ် အနိစ္စာနုပဿနာဖြင့် ယခုပင် အနိမိတ္တမင်္ဂသို့ ဝင်ခြင်းငှါ တပါးပါးသော ဒွါရ၌ အာရုံထင်သည်၊ ဝိညာဉ်သိသည်၏ အစွမ်းအားဖြင့် သိ၏ဟု သတိထင်အောင် အမှတ်ပြုသဖြင့် ဒွါရ,အာရုံ, ဝိညာဉ် ဖြစ်ခိုက်ထင်သော



နာမ်ရုပ်ကိုမမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်၍ ဘဝင်သို့ သက်၏။ ဘဝင်မှထ၍ မမြဲဟု သင်္ခါရုပေက္ခာ ဉာဏ်ဖြင့် သုံးသပ်သော နာမ်ရုပ်ကိုပင် အာဝဇ္ဇန်းဖြင့် ဆင်ခြင်၏။အာဝဇ္ဇန်းအဆုံး တိက္ခပုဂ္ဂိုလ်အား ၂-ကြိမ်, မန္ဒပုဂ္ဂိုလ်အား ၃-ကြိမ်, ပရိကံ, ဥပစာ, အနုလုံမည်သော အနုလောမဉာဏ်ဖြင့် မမြဲဟု သင်္ခါရုပေက္ခာဉာဏ်ဖြင့် သုံးသပ်သော နာမ်ရုပ်ကိုပင်“မမြဲ,မမြဲ,မမြဲ”ဟု ၃-ကြိမ် အာရုံပြု၏။ အနုလောမဉာဏ်၏ အဆုံး ပုထုဇန်တို့၏ အနွယ်ကို ဖြတ်သောအားဖြင့်လွန်၍ အရိယာတို့၏အနွယ်သို့ ဝင်သောအားဖြင့်သက်၍ ပုထုဇန် တဖန်တခေါက် နောက်ပြန် မရောက်သော ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။ ဂေါတြဘူဉာဏ်၏ အဆုံး ဒုက္ခသစ္စာကို ပိုင်းခြားခြင်းကိစ္စ,သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ,နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ, မဂ္ဂသစ္စာကို ပွားခြင်းကိစ္စ ဤမင်္ဂကိစ္စ ၄-ချက်ကို တပြိုင်နက်ပြီးစေလျက် သောတာပတ္တိမင်္ဂဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။

သောတာပတ္တိမင်္ဂ၏အဆုံး တိက္ခပုဂ္ဂိုလ်အား ၃-ကြိမ်, မန္ဒပုဂ္ဂိုလ်အား ၂-ကြိမ်, သောတာပတ္တိဖိုလ်ဖြင့် အဇ္ဈတ္တ,ဗဟိဒ္ဓမှ ထသော မင်္ဂပယောဂ,သမ္ပပ္ပဓာန်ငြိမ်းသော ပဋိပ္ပဿဒ္ဓိပဟာန် ဖိုလ်အကျိုးကိုခံခြင်းငှါ နိဗ္ဗာန်ကို ၂-ကြိမ်, ၃-ကြိမ်အာရုံပြု၍ ဘဝင်သို့သက်၏။ ဘဝင်မှထ၍ အာဝဇ္ဇန်း၏အဆုံး ငါသည် သောတာပတ္တိမင်္ဂကိုရပြီ၊ ငါသည် သောတာပတ္တိဖိုလ်ကိုရပြီ၊ ငါသည် နိဗ္ဗာန်ကိုရပြီဟု ဗဟုသုတအလို ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် ဆင်ခြင်၏။ ငါသည် မင်္ဂကိုရပြီ၊ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကိုရပြီဟု အပ္ပသုတအလို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၏။

အဝိပ္ပါယ်မှာ။ ။ဝိပဿနာဉာဏ်၏သိမှုကား ဖြစ်ခိုက် ပျက်

ခိုက်သဘာဝရုပ်နာမ်၊ဖြစ်ခိုက်ပျက်ခိုက် သဘာဝရုပ်နာမ်၏ဥပါဒ်၊ ဌီ,ဘင်၏ သခ်တလက္ခဏာကိုသာသိ၏၊ သချပ်, သင်္ချာ, အမည် သညာကိုသိသော သုတမယဉာဏ်လိုမဟုတ်။ မဂ်ဉာဏ်၏ သိမှုကား နိဗ္ဗာန်သာသိ၏။ အပ္ပသုတအလိုအားဖြင့် ငါမဂ်ကိုရပြီ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကိုရပြီ။ ဗဟုသုတအလိုအားဖြင့် ငါမဂ်ကိုရပြီ၊ ဖိုလ်ကိုရပြီ၊ နိဗ္ဗာန်ကိုရပြီ၊ ဒိဋ္ဌိ-ဝိစိကိစ္ဆာကိုပယ်ပြီ၊ ကြွင်းသော ကိလေသာကို မပယ်ရသေးဟု ဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်လို မဟုတ်။

(ဤကား အကျဉ်းချုပ် အဓိပ္ပါယ်တည်း။)

ဝိပဿနာဉာဏ် အကျဉ်းချုပ်ကို ထုတ်နုတ်၍ ပြဆိုခြင်းပြီး၏။

---

## ၁၁။ ရုပ် နာမ် ခေါ်သော ကိုယ် စိတ် ၂-ပါး တို့၏ သဘောများ

ရုပ်သမ္မသနဉာဏ် တဖက်ကမ်းသို့ ရောက်သောယောဂီ သွား သောကာလ ခြေတလှမ်း တလှမ်းကို မှတ်သော် ဘယ်နှစ်လှမ်း လှမ်းတယ်ဟုမှတ်သော ဉာဏ်၏အာရုံ၊ ကြွ, ဆောင်, ရှောင်, လွတ် ချ,နင်း,ခြောက်ဌာန ထင်ချက်၊ခြေဖဝါးအပြင်မှ ထိပ်တိုင်အောင် အဆင့်ဆင့်,အစပ်စပ် အပိုင်းပိုင်းပြတ်၍ တကိုယ်လုံး ရုပ်ကလာပ် ပရမာဏုမြူပေါင်း တတင်းမျှရှိ၏။

တဘင်းလျှင် ယခုလူတို့ သုံးစွဲသော အတိုင်း လက်မပေါင် ၁၇၂၈ တထောင် ခုနစ်ရာ့ နှစ်ဆယ့်ရှစ် လက်မ၊ တလက်မက် ခုနစ်မုယောနှင့် မြှောက်၊ (၇)ခုနစ်ခုရ၏။ ၎င်း (၇) မုယောက် ဥက္ကောင်းသန်း (၇) ကောင်နှင့်မြှောက်၊ (၄၉) လေးဆယ့်ကိုး



ရ၏။ ၎င်း (၄၉) လေးဆယ့်ကိုးကို (၇) လိက္ခာနှင့် မြှောက် (၃၄၃)သုံးရာ့လေးဆယ့်သုံး ရ၏။ ၎င်း (၃၄၃) သုံးရာ့လေး ဆယ့်သုံးကို ရထရေဏုမြူ (၃၆) သုံးဆယ့်ခြောက်နှင့် မြှောက်၊ (၁၂,၃၄၈) တသောင်းနှစ်ထောင့်သုံးရာ့လေးဆယ့်ရှစ် ရ၏။ ၎င်း (၁၂,၃၄၈) တသောင်းနှစ်ထောင့်သုံးရာ့လေးဆယ့်ရှစ်ကို တဇ္ဇာရီမြူ (၃၆) နှင့် မြှောက်၊(၄၄၄,၅၂၈) လေးသိန်းလေး သောင်း လေးထောင့် ငါးရာ နှစ်ဆယ့်ရှစ် ရ၏။ ၎င်းကို အဏုမြူ (၃၆)သုံးဆယ့်ခြောက်နှင့် မြှောက်၊(၁၆,၀၀၃,၀၀၈) တကု ဋေ ခြောက်သန်း သုံးထောင်ရှစ်ရ၏။ ၎င်းကို ပရမာဏုမြူ (၃၆) သုံးဆယ်ခြောက်နှင့်မြှောက်၊(၅၇၆,၁၀၈,၂၈၈)ငါးဆယ့်ခုနစ် ကုဋေ,ခြောက်သန်း,တသိန်း,ရှစ်ထောင့်,နှစ်ရာ့,ရှစ်ဆယ်ရှစ် ရ၏။ ၎င်းသည် တလက်မ အလျားသင်္ချာဖြစ်၏။ ဒုသင်္ချာလည်း ဤမျှ, အစောက်သင်္ချာလည်း ဤမျှဖြစ်၍ အလျားသင်္ချာကို ဒုသင်္ချာနှင့် မြှောက်၊ (၃၃၁,၉၀၀,၇၅၉,၅၀၂,၂၉၀,၉၄၄) သုံးထောင် သုံးရာ တဆယ့်ကိုး ပကောဋိ, ခုနစ်သောင်း ငါးထောင် ကိုးရာ ငါးဆယ်ကုဋေ၊ နှစ်သန်း နှစ်သိန်း ကိုးသောင်း ကိုးရာ လေးဆယ် လေးရ၏။ ၎င်း ဒုသင်္ချာမြှောက်ရ ဂဏန်းကို အစောက်သင်္ချာနှင့် မြှောက်၊(၁၉၁,၂၁၀,၇၇၈,၃၄၂,၇၆၄,၅၆၇,၈၂၅,၇၄၃,၈၇၂) တသိန်းကိုးသောင်း တထောင်နှစ်ရာ့ တဆယ် ကောဋိ ပကောဋိ၊ ခုနစ်သန်း ခုနစ်သိန်း ရှစ်သောင်း သုံးထောင် လေးရာ့ နှစ်ဆယ့် ခုနစ် ပကောဋိ, ခြောက်သန်း လေးသိန်း ငါးသောင်း ခြောက်ထောင် ခုနစ်ရာ ရှစ်ဆယ်နှစ် ကုဋေ, ငါးသန်း ခုနစ်သိန်း လေးသောင်း သုံးထောင် ရှစ်ရာ ခုနစ်ဆယ်နှစ်ရ၍ တလက်မ စတု ရန်း ပရမာဏုမြူပေါင်း သင်္ချာဖြစ်၏။

၎င်း သင်္ချာကို တတင်း၏ လက်မပေါင်း သင်္ချာ (၁၇၂၈)

တထောင့် ခုနစ်ရာ့နှစ်ဆယ်ရှစ်နှင့်မြှောက်၊ (၃၃၀,၄၁၂,၂၂၄, ၉၇၆,၂၉၇,၁၇၃,၂၀၂,၈၈၅,၄၁၀,၈၁၆) သုံးဆယ်သုံးနိန္နဟုတ,လေးသိန်း တသောင်းနှစ်ထောင်နှစ်ရာနှစ်ဆယ်လေးကောဋိပကောဋိ, ကိုးသန်း ခုနစ်သိန်း ခြောက်သောင်း နှစ်ထောင်ကိုးရာ ခုနစ်ဆယ်တစ် ပကောဋိ, ခုနစ်သန်း သုံးသိန်း နှစ်သောင်း နှစ်ရာ ရှစ်ဆယ် ရှစ်ကုဋေ, ငါးသန်း လေးသိန်း တသောင်း ရှစ်ရာ တဆယ့်ခြောက် ပရမာဏုမြူဖြစ်၏။

ထင်ချက်နာမ်ရုပ် သမ္မသနဉာဏ်ကို သိလိုသော် ၎င်း ပရမာဏုမြူပေါင်း သင်္ချာကို ဝိပဿနာဇော ခုနစ်ကြိမ်နှင့်မြှောက်လေ။

ထို့မှတဖန် နာမ်ခေါ်သော စိတ်သဘောတရား၏ ဖြစ်ပျက်ပုံ လက္ခဏာများကို အောက်၌ ဆော်ပြထားသော ပါဠိဂါထာနှင့် အနက်လာ သဘောသွားဖြင့် ဖြောင့်မှန်သော အဓိပ္ပါယ်များကို ယထာဘူတဖြစ်၍ မယွင်းမှားအောင် ရှင်းလင်းသေချာ မှတ်သား သိရှိကြပါလေ။

ယထေဝ ဟိ စက္ခုဝိညာဏံ၊
မနောဓာတု အနန္တရံ။
န စေဝ အာဂတံ နာပိ၊
န နိဗ္ဗတ္တံ အနန္တရံ။
တထေဝ ပဋိသန္ဓိစိတ္တံ၊
ဝတ္တတေ စိတ္တသန္တတိ။
ပုရိမံ ဘိဇ္ဇတေ စိတ္တံ။
ပစ္ဆိမံ ဇာယတေ တတော။
တေသံ အန္တရိကာ နတ္ထိ၊
ဝီစိ တေသံ န ဝိဇ္ဇတိ။



န စိတော ကိဉ္စိ ဂစ္ဆတိ၊
ပဋိသန္ဓိ စ ဇာယတိ။

စက္ခုဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ မနောဓာတုအနန္တရံ၊ ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်၏။ နစေဝ အာဂတံ၊ ပဉ္စဒွါရာဝဇ္ဇန်းမှ လာခဲ့သည်လည်းမဟုတ်။ အနန္တရံ၊ ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌။ နနိဗ္ဗတ္တံ၊ မဖြစ်ဘဲနေသည်။ န၊ မဟုတ်။ နာပိ န နိဗ္ဗတ္တံ ယထေဝ၊ မဖြစ်ဘဲနေသည် မဟုတ်။

တထေဝ၊ထို့ အတူသာလျှင်။ပဋိသန္ဓိစိတ္တံ၊ပဋိသန္ဓေစိတ်သည်။ စိတ္တသန္တတိ၊ စိတ်အစဉ်သည်။ ဝတ္တတေ၊ အစ ဖြစ်ပေါ်လာ၏။ ပုရိမံ၊ ရှေးဘဝဖြစ်သော။ စိတ္တံ၊စုတိစိတ်သည်။ ဘိဇ္ဇတေ၊ပျက်၏။ ပစ္ဆိမံ၊ ယခုနောက်ဘဝ ဖြစ်သော။ စိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ တတော၊ ထိုစုတိစိတ်နောက်မှ။ ဇာယတေ၊ ဖြစ်၏။

တေသံ၊ ထိုစုတိပဋိသန္ဓေနှစ်ပါးတို့၏။ အန္တရိကာ၊ ကာလအားဖြင့် အခြားသည်။ နတ္ထိ၊ မရှိချေ။ တေသံ၊ ထိုစုတိပဋိသန္ဓေနှစ်ပါးတို့၏။ ဝီစိ၊ အကြားသည်။ န ဝိဇ္ဇတိ၊မရှိချေ။ ကိဉ္စိ၊ စုတိစိတ်က တစုံတခုသည်။ဣတော၊ ဤပဋိသန္ဓေစိတ်သို့။ နဂစ္ဆတိ၊ မလာ မရောက်ချေ။ ပဋိသန္ဓိစ၊ ယခုဘဝ ပဋိသန္ဓေ စိတ်သည်လည်း။ ဇာယတိ၊ ဖြစ်ရ၏။

ဤကား စိတ်ဝိညာဉ်ခေါ်သော စိတ်သဘောတရား၏ ဖြစ်ပျက်ကို ပြခြင်းတည်း။

၁၂။ အရိယာပုဂ္ဂိုလ် ၇-ယောက်

ယံ ပန ဝုတ္တံ သတ္တအရိယပုဂ္ဂလဝိဘာဂ ါယ ပစ္စယော ဟောတီတိ။ တတ္ထ သဒ္ဓါနုသာရီ သဒ္ဓါဝိမုတ္တော ကာယသက္ခိ ဥဘတော

ဘာဂဝိမုတ္တော ဓမ္မာနုသာရီ ဒိဋ္ဌပ္ပတ္တော ပညာဝိမုတ္တော တိ ဣမေ တာဝ သတ္တ အရိယပုဂ္ဂလာ၊ တေသံ ဝိဘာဂါယ ဣဒံ သင်္ခါရုပေက္ခာဉာဏံ ပစ္စယော ဟောတိ။

ယောဟိ အနိစ္စတော မနသိကရောန္တော အဓိမောက္ခဗဟုလော သဒ္ဓိန္ဒြိယံ ပဋိလဘတိ။ သော သောတာပတ္တိမဂ္ဂက္ခဏေ သဒ္ဓါနုသာရီ ဟောတိ။ သေသေသု သတ္တသု ဌာနေသု သဒ္ဓါဝိမုတ္တော။

ယော.ပန ဒုက္ခတော မနသိကရောန္တော ပဿဒ္ဓိဗဟုလော သမာဓိန္ဒြိယံ ပဋိလဘတိ။ သော သဗ္ဗတ္ထ ကာယသက္ခိနာမ ဟောတိ။ အရူပဇ္ဈာနံ ပန ပတွာအဂ္ဂဖလပ္ပတ္တော၊ ဥဘတောဘာဂဝိမုတ္တော နာမ ဟောတိ။

ယော ပန အနတ္တတော မနသိကရောန္တော ဝေဒဗဟုလော ပညိန္ဒြိယံ ပဋိလဘတိ။ သော သောတာပတ္တိမဂ္ဂက္ခဏေ ဓမ္မာနုသာရီ ဟောတိ။ ဆသု ဌာနေသု ဒိဋ္ဌပ္ပတ္တော အဂ္ဂဖလေ ပညာဝိမုတ္တော တိ။

ဧတ္ထ စ ယောပိ အနိစ္စတော အတိနိဝိဋ္ဌော၊ ယောပိ ဒုက္ခတော၊ ယောပိ အနတ္တတော၊ ဝုဋ္ဌာန ကာလေ စ အနိစ္စတော ဝုဋ္ဌာနံ ဟောတိ။ တယောပိ ဇနာ အဓိမောက္ခဗဟုလာ ဟောန္တိ။ သဒ္ဓိန္ဒြိယံ ပဋိလဘန္တိ။ အနိမိတ္တဝိမောက္ခေန ဝိမုစ္စန္တိ။ ပဌမမဂ္ဂက္ခဏေ သဒ္ဓါနုသာရိနော ဟောန္တိ။ သတ္တသု ဌာနေသု သဒ္ဓါဝိမုတ္တာ။

သစေ ပန ဒုက္ခတော ဝုဋ္ဌာနံ ဟောတိ။ တယောပိ ဇနာ ပဿဒ္ဓိဗဟုလာ ဟောန္တိ။ သမာဓိန္ဒြိယံ ပဋိလဘန္တိ။ အပ္ပဏိဟိတ ဝိမောက္ခေန ဝိမုစ္စန္တိ။ သဗ္ဗတ္ထ ကာယသက္ခိနော ဟောန္တိ။ ယဿ ပနေတ္ထ အရူပဇ္ဈာနံ ပါဒကံ။ သော အဂ္ဂဖလေ ဥဘတောဘာဂ ဝိမုတ္တော ဟောတိ။



အထ နေသံ အနတ္တတော ဝုဋ္ဌာနံ ဟောတိ။ တယောပိ ဇနာ ဝေဒဗဟုလာ ဟောန္တိ။ ပညိန္ဒြိယံ ပဋိလဘန္တိ။ သုညတဝိမောက္ခေန ဝိမုစ္စန္တိ။ ပဌမမဂ္ဂက္ခဏေ ဓမ္မာနုသာရိနော ဟောန္တိ။ ဆသု ဌာနေသု ဒိဋ္ဌပ္ပတ္တာ၊ အဂ္ဂဖလေ ပညာဝိမုတ္တာတိ။

—ဝိသုဒ္ဓိမဂ်။

ယံပန ဝစနံ၊ အကြင်စကားကို။ သတ္တအရိယ ပုဂ္ဂလဝိဘာဂါယ ပစ္စယော ဟောတီတိ၊ ဟောတိ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တတ္ထ ဝစနေ၊ ထိုစကား၌။ သဒ္ဓါနုသာရီ၊ သဒ္ဓါနုသာရီပုဂ္ဂိုလ်တယောက်။ သဒ္ဓါဝိမုတ္တော၊ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ် တယောက်။ ကာယသက္ခိ၊ ကာယသက္ခိ ပုဂ္ဂိုလ် တယောက်။ ဥဘတော ဘာဂဝိမုတ္တော၊ ဥဘတောဘာဂ ဝိမုတ္တ ပုဂ္ဂိုလ်တယောက်။ ဓမ္မာနုသာရီ၊ ဓမ္မာနုသာရီပုဂ္ဂိုလ်တယောက်။ ဒိဋ္ဌပ္ပတ္တော၊ဒိဋ္ဌပ္ပတ္တ ပုဂ္ဂိုလ်တယောက်။ ပညာဝိမုတ္တော၊ ပညာဝိမုတ္တ ပုဂ္ဂိုလ်တယောက်။ ဣတိ၊ ဤသို့။ ဣမေတာဝ သတ္တ အရိယပုဂ္ဂလာ၊ ရှေးဦးစွာသော အရိယာပုဂ္ဂိုလ် ၇-ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ၊ ထိုပုဂ္ဂိုလ် ၇-ယောက်တို့ကို။ ဝိဘာဂါယ၊ ဝေဘန်ခြင်းငှါ။ ဣဒံ သင်္ခါရုပေက္ခာဉာဏံ၊ ဤ သင်္ခါရုပေက္ခာ ဉာဏ်သည်။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ယောဟိ၊ အကြင်သူသည်ကား။ အနိစ္စတော၊ မမြဲဟု။ မနသိကရောန္တော၊ နှလုံးသွင်းသည်ရှိသော်။ အဓိမောက္ခ ဗဟုလော၊ သဒ္ဓါများသည် ဖြစ်၍။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ ပဋိလဘတိ၊ ရ၏။ သော၊ ထိုသူသည်။ သောတာပတ္တိ မဂ္ဂက္ခဏေ၊ သောတာပတ္တိမဂ်ခဏ၌။ သဒ္ဓါနုသာရီ၊ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်တယောက်သည်။ ဟောတိ၊ ဖြစ်၏။ သေသေသု၊ ကြွင်းကုန်သော။ သတ္တသု ဌာနေသု၊

သောတာပတ္တိဖိုလ်ဌာန, သကဒါဂါမိ မဂ်ဌာန, သကဒါဂါမိဖိုလ်ဌာန, အနာဂါမိမဂ်ဌာန, အနာဂါမိ ဖိုလ်ဌာန, အရဟတ္တ မဂ်ဌာန, အရဟတ္တဖိုလ် ဌာနဟူသော ဤ ၇-ပါးသော ဌာနတို့၌။ သဒ္ဓါဝိမုတ္တော၊ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်တယောက်သည်။ ဟောတိ၊ ဖြစ်၏။

ယောပန၊ အကြင်သူသည်ကား။ ဒုက္ခတော၊ဆင်းရဲဟု။ မနသိကရောန္တော၊ နှလုံးသွင်းသည်ရှိသော်။ ပဿဒ္ဓိဗဟုလော၊ အငြိမ်းများသည်ဖြစ်၍။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေကို။ ပဋိလဘတိ၊ရ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ သဗ္ဗတ္ထ၊သောတာပတ္တိမဂ် ဌာနအစ အရဟတ္တဖိုလ် ဌာနအဆုံး ရှိသော အလုံးစုံရှစ်ဌာနတို့၌။ ကာယသက္ခိနာမ၊ ကာယသက္ခိပုဂ္ဂိုလ်တယောက်မည်သည်။ ဟောတိ၊ ဖြစ်၏။ အရူပဈာနံပန၊ အရူပဈာန်သို့ကား။ ပတွာ၊ ရောက်၍။ အဂ္ဂဖလ ပတ္တော၊ အရဟတ္တဖိုလ်သို့ ရောက်မူ။ ဥဘတောဘာဂ ဝိမုတ္တော နာမ၊ဥဘတော ဘာဂ ဝိမုတ္တ ပုဂ္ဂိုလ် တယောက်မည်သည်။ဟောတိ၊ ဖြစ်၏။

ယောပန၊ အကြင်သူသည်ကား။အနတ္တတော၊ အစိုးမရဟု။ မနသိကရောန္တော၊ နှလုံးသွင်းသည်ရှိသော်။ ဒေဝဗဟုလော၊ အသိများသည် ဖြစ်၍။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ ပဋိလဘတိ၊ ရ၏။ သော၊ ထိုသူသည်။ သောတာပတ္တိမဂ္ဂက္ခဏေ၊ သောတာပတ္တိ မဂ်ခဏ၌။ ဓမ္မာနုသာရီ၊ ဓမ္မာနုသာရီပုဂ္ဂိုလ်တယောက်သည်။ ဟောတိ၊ ဖြစ်၏။ ဆသုဌာနေသု၊ သောတာပတ္တိ ဖိုလ်ဌာနအစ အရဟတ္တ မဂ်ဌာနအဆုံးဟူသော အလယ် ၆-ဌာနတို့၌။ ဒိဋ္ဌပ္ပတ္တော၊ ဒိဋ္ဌပ္ပတ္တ ပုဂ္ဂိုလ်တယောက်သည်။ ဟောတိ၊ ဖြစ်၏။ အဂ္ဂဖလေ၊ အရဟတ္တ ဖိုလ်ဌာန၌။ ပညာဝိမုတ္တော၊ ပညာဝိမုတ္တ ပုဂ္ဂိုလ် တယောက်သည်။ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။



တွေစ၊ ဤအရာ၌လည်း။ ယောပိ၊ အကြင် သူ သည် ကား။ အနိစ္စတော၊ မမြဲဟု။ အဘိနိဝိဋ္ဌော၊ နှလုံးသွင်း၏။ ယောပိ၊ အကြင်သူသည်ကား။ ဒုက္ခတော၊ ဆင်းရဲဟု။ အဘိနိဝိဋ္ဌော၊ နှလုံးသွင်း၏။ယောပိ၊အကြင်သူသည်ကား။ အနတ္တတော၊အစိုးမရဟု။ အဘိနိဝိဋ္ဌော၊ နှလုံးသွင်း၏။ ဝုဋ္ဌာနကာလေစ၊ ထသောအခါ၌လည်း။ အနိစ္စတောဝုဋ္ဌာနံ၊ အနိစ္စဖြင့် မဂ်ထသည်။ ဟောတိ၊ ဖြစ်၏။ တယောပိဇနာ၊ ပုဂ္ဂိုလ် ၃-ယောက်တို့ သည်လည်း။ အဓိမောက္ခ ဗဟုလာ၊ သဒ္ဓါများကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဒ္ဓိန္ဒြိယံ၊သဒ္ဓိန္ဒြေကို။ ပဋိလဘန္တိ၊ ရကုန်၏။ အနိမိတ္တဝိမောက္ခေန၊ အနိမိတ္တဝိမောက္ခ မဂ်ဖြင့်။ ဝိမုစ္စန္တိ၊လွတ်ကုန်၏။ ပဌမမဂ္ဂက္ခဏေ၊ ပဌမမဂ်ခဏ၌၊ သဒ္ဓါနုသာရိနော၊ သဒ္ဓါနုသာရီ ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္တသုဌာနေသု၊ သောတာပတ္တိ ဖိုလ်အစ အရဟတ္တ ဖိုလ်အဆုံးရှိသော ၇-ဌာနတို့၌။ သဒ္ဓါဝိမုတ္တာ၊သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သစေပန၊ အကယ်၍ကား။ ဒုက္ခတောဝုဋ္ဌာနံ၊ ဒုက္ခဖြင့် မဂ်ထသည်။ ဟောတိ၊ ဖြစ်အံ့။ တယောပိဇနာ၊ ပုဂ္ဂိုလ် ၃-ယောက်တို့ သည်လည်း။ ပဿဒ္ဓိဗဟုလာ၊အငြိမ်းများကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ သမာဓိန္ဒြိယံ၊သမာဓိန္ဒြေကို။ပဋိလဘန္တိ၊ရကုန်၏။ အပ္ပဏိဟိတ ဝိမောက္ခေန၊အပ္ပဏိဟိတ ဝိမောက္ခမဂ်ဖြင့်။ ဝိမုစ္စန္တိ၊ လွတ်ကုန်၏။ သဗ္ဗတ္ထ၊ သောတာပတ္တိ မဂ်ဌာနအစ အရဟတ္တ ဖိုလ်ဌာန အဆုံးရှိသောအလုံးစုံရှစ်ဌာနတို့၌။ ကာယသက္ခိနော၊ကာယသက္ခိ ပုဂ္ဂိုလ်တို့သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ယဿပန၊ အကြင်ပုဂ္ဂိုလ်၏ ကား။ တွေ၊ ဤအရာ၌။ အရူပဈာနံ၊ အရူပဈာန်သည်။ ပါဒကံ၊ ဝိပဿနာအခြေဖြစ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ အဂ္ဂဖလေ၊ အရ

ဟတ္တဖိုလ်၌။ ဥဘတောဘာဂဝိမုတ္တော၊ ဥဘတောဘာဂ ဝိမုတ္တ ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။

နေသံ၊ ထိုပုဂ္ဂိုလ်တို့တွင်။ ယောပန၊အကြင်သူသည်ကား။ အနတ္တတော ဝုဋ္ဌာနံ၊ အနတ္တဖြင့် မဂ်ထသည်၊ အထဟောတိ၊အကယ်၍ဖြစ်အံ့။ တယောပိဇနာ၊ ပုဂ္ဂိုလ် ၃-ယောက်တို့သည်လည်း။ဝေဒဗဟုလာ၊ အသိများကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ ပဋိလဘန္တိ၊ ရကုန်၏။ သုညတဝိမောက္ခေန၊ သုညတဝိမောက္ခမဂ်ဖြင့်။ ဝိမုစ္စန္တိ၊ လွတ်ကုန်၏။ ပဌမ မဂ္ဂက္ခဏေ၊ ပဌမမဂ်ခဏာ၌။ ဓမ္မာနုသာရိနော၊ ဓမ္မာနုသာရီ ပုဂ္ဂိုလ် တို့ သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဆသုဌာနေသု၊ သောတာပတ္တိ ဖိုလ်ဌာနအစ အရဟတ္တ မဂ်အဆုံး ရှိသော အလယ် ၆-ဌာန တို့၌။ ဒိဋ္ဌပ္ပတ္တာ၊ ဒိဋ္ဌပ္ပတ္တ ပုဂ္ဂိုလ် ၃-ယောက် တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဂ္ဂဖလေ၊ အရဟတ္တဖိုလ်ဌာန၌။ ပညာဝိမုတ္တာ၊ ပညာဝိမုတ္တ ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဣမေသတ္တအရိယပုဂ္ဂလာ၊ ဤအရိယာ ပုဂ္ဂိုလ် ၇-ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

# မဟာဝေပုလ္လဝန္ဒနာ

## ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

၁။ အစိန္တေယျ အပ္ပမေယျ အနန္တ သေဋ္ဌ ဇေဋ္ဌ အတုလ ပရမံ အရဟံ ဘဂဝါ သမ္မာသမ္ဗုဒ္ဓ အနုတ္တရ မာရဇိ တြိလောကန္တဂူ သယမ္ဘူ ဘဝိဿရ ဤသို့စသော အသင်္ချေယျ နာမတံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့် ဇမ္ဗူဒိပ်မှတက်၍ ဘဝဂ်တိုင်ကျော်ကြားလျက် ကာမ, ရူပ, အရူပဟု သြကာသသုံးရပ် လောကဓာတ်၌ အမြတ်ထက်အမြတ် သမုတ်အပ်သော လူနတ်ဗြဟ္မာ မဟာကဝိန် သုခမိန် တို့သည် ပညိန္ဒြေရှိတိုင်းဖြင့် ချီးပိုင်းတွက်ကြုံး၍ မဆုံးမကုန်နိုင် မကြံစည်ပိုင် မအုံ့သြနိုင် ပြည့်လှိုင် ထွေပြား များပြား ကျယ်ဝန်းသော ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူထသော။

၂။ အမျိုးဖြင့် မြတ်သောသူ ဘုန်းဖြင့် မြတ်သောသူ ဂုဏ်ဖြင့် မြတ်သောသူ မာန်မူဘက်ပြိုင်ခြင်းငှါ မထိုက် မကိုဋ္ဌမဂ်လာ ဤကမ္ဘာ၌ ပဌမာဒိက ဘူမိပါလ အာဒိစ္စဂိုဏ်း တိုင်းပြု ပြည်ပြု သမ္မုတိဒေဝရာဇ် နေနွယ်ဖြစ်၍ စင်စစ် အမျိုးတော်အားဖြင့်မြတ်သော ဇာတိမဟတ္တတာဂုဏ်, သုံးဘုံရပ်လုံး ညွတ်ရိုး ကော်ရော်ပူဇော်ဦးညွတ်ရာဖြစ်၍ စင်စစ် ဘုန်းတော်အားဖြင့် လွန်မြတ်သော

ပုညမဟတ္တတာဂုဏ်, ဝသုံသေလာအဏ္ဏဝါကို မြူလွှာပြုလျက် နှိုင်းတုစက်လည်း ကျေးဇူးနက်တိုင်မကုန်နိုင်ဖြစ်၍စင်စစ်ဂုဏ်အားဖြင့် မြတ်သော ဂုဏမဟတ္တတာဂုဏ်, ဤသုံးစုံကြောင့်လူဘုံနတ်ထံ နှစ်နိုင်ငံ၌ပြိုင်စံယှဉ်ဘော် မပေါ်မပြူကဆူတည်းသော အပ္ပဋိပုဂ္ဂိုလ် ဖြစ်တော်မူထသော။

၃။ ဇမ္ဗူကြက်သရေ ချက်ဗွေဘူမိ အပရာဇိခရိုင် ညောင်မဏ္ဍိုင်ကို စိုးပိုင်တော်မူအံ့သော ကာလ၌ ကာမ လောကဓာတ် ၇-ရပ် လုံး ဆတ်ဆတ် လှိုင် ခုန်တုန် ဘနန်းမျှ သန်း အကုဋေ နတ်ဗိုလ်ခြေ နှင့် မိုးဃ်းမြေကြီး ဟီး ပဲ့ တင် တီး အောင် ဖျက်ဆီး လုယက် လာ သော မေခလာဂိရိ တောင် တ ရှိမျှ ပြောင်ချည်း သေဌ်နင်း မာရ် နတ် မင်း ကို ဖြည့် တင်း တော်မူ ခဲ့သော ပါရမီဉာဏ် ကံသမ္ဘာရှိန် ဝရဇိန်လျှံပြောင် ရွှေဘုန်း ရောင်ဖြင့် မှောင်မဝင်ခင် အောင်မြင်တော်မူစေ၍ ကိလေသာ စက် သုံးထောင်ဝက်ကို ဖြိုဖျက်တိုက်လှန်ခြင်းငှါ အာနာပါန ဘာဝနာဖြင့် ရူပါဝစရ အရူပါဝစရ စတုတ္ထ သမာပတ်တို့ကို အာဝဇ္ဇနဝသီ, သမာပဇ္ဇနဝသီ, ပစ္စဝေက္ခဏာဝသီ, အဓိဋ္ဌာန ဝသီ, ဝုဋ္ဌာနဝသီ တည်းဟူသော ဝသီဘော်ငါးတန်ဖြင့် အဖန် ဖန်လေ့လာပြီးကျင် ရှေးတည်းကာလ ဘဝရှည်ကျူး ဖြစ်ဘူးသ မျှ ဒေသရပ်ရွာ ခန္ဓာပဥ္စဉ် အမည်အမျိုးစသော ပရမတ်ပညတ် တို့ကို တပ်အပ် သိစွမ်းနိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ သုံးတန်ဘုံ သား အများသတ္တ ဝေနေယျတို့၏ ကမ္မဂတိ စုတိပဋိသန် လား ရန် ဌာနနှင့်တကွ ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ဖြစ်သော ရူပါရုံကို အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ လေးတန်သြဃ အာသဝ နှင့်ယောဂဂန္ထ လေးဝဥပါဒါန် ခြောက်တန်နီဝရဏ အနုသယ ခုနစ်အင် သံယောဇဉ်ဆယ်တန် ခြံရံလတ်သာ များစွာသော အ



ကုသိုလ် ဗိုလ်ခြေ စစ်သည်တို့ကို ကွပ်ကဲသော သူရဲကိလေသာ ထောင့်ငါးရာတို့ကို စင်စွာပယ်ဖြတ် အလွန်မြတ်သောကြောင့် အရဟတ္တမဂ် အမည်ရသော အာသဝက္ခယဉာဏ် ဤသုံးတန် သောဝိဇ္ဇာ ခွဲစိတ်ဖြာသော် ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံတော်မူသဖြင့် သယမ္ဘူအထွဋ် လူတမွတ်ဟု မချွတ်သမုတ်အပ်ထသော။

၄။ ပစ္စေကဗုဒ္ဓါ ရဟန္တာ သာဝကတို့ ရခြင်းငှါ မထိုက် သုံးတိုက်ဘုံသား အများသတ္တ ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုဆန္ဒ အာသယကိန်းဟန်ကို ကေန်သိမြင် နိုင်သော အာသယာနုသယ ဉာဏ်၊ ဣန္ဒြေရင့် မရင့်ကို ထောက်ချင့် သိစွမ်းနိုင်သော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်၊ ပရမတ်, ပညတ် အရပ်ရပ်လုံးစုံကို အကုန် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်၊ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်းဟူသော ဥေယျဓမ် ငါးအင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်း မရှိသည်ကိုသိသော အနာဝရဏဉာဏ်၊ ယ မိုက်ပြာဋိဟာ လွှတ်ခြင်းငှါ၌ လေ့လာတော်မူနိုင်သော ယမက ပါဋိဟာရိယဉာဏ်၊ သနားထိုက်လှသော ဝေနေယျသတ္တဝါကို လွန်စွာ သနားတော်မူသော မဟာကရုဏာ သမာပတ္တိဉာဏ်၊ ဤ ခြောက်တန်သော အသာဓာရဏ ဉာဏလျှံပြောင် မြတ်တန်း ဆောင်ကို ညီထောင်ထွန်း စိုက်တော် မူပြီးသဖြင့် ဝေးနီးစကြ ဝဠာ သမန္တာရပ် လောကဓာတ်တို့ကို ထုတ်ခပ်ထင်ထင် ရှုမြင် တော်မူနိုင်သော ပသာဒစက္ခု, ဉာဏစက္ခု, ဒိဗ္ဗစက္ခု, ဗုဒ္ဓစက္ခု, သမန္တစက္ခုတည်းဟူသော မျက်စိတော်ငါးလုံးဖြင့် အဆုံးမဲ့မြင် တော် မူပြီးထသော။

၅။ ပလ္လင်အနိမိသ စင်္ကမမှသည် စတုတ္ထသတ္တာဟဝယ် ရတ နာရွှေအိမ် ချမ်းရိပ်ငြိမ်၌ မွေ့သိမ်စမွယ်ဘော်မူရကား အဘိဓမ္မာ ခုနစ်ကျမ်းတွင် ပဋ္ဌာန်းဒေသနာတော်ကို လေ့လာဆင်ခြင်တော်

မူသော အာနုဘော်ကြောင့် သွေးတော် သားတော်အရိုးတော်စု
ဝတ္တု ပသာဒ်ဒြေအလုံးမှ ပြိုးပြိုးပြက် ရိုးရိုးရက် တောက်ပလျက်
နီလ,ပီတ,လောဟိတ,ဩဒါတ,မဉ္ဇိဋ္ဌ,ပဘဿရ= မိလ္လာရီလို ဖိတ်
ဖိတ်ယိုမျှ ညိုသောရောင်ခြည်တော်, ဖဲကတ္တီပါ ဂိဝါဥဿဖယား
မျက်စိတွားလျက် ပတ္တမြားနီပြေ ခတ်မီးရေကဲ့သို့ ရွှေသော
ရောင်ခြည်တော်, ကသစ်ခေါင်ရမ်း ပန်းကြက်မောက်ပြီ တွေး
တွေးတွေးချီမျှ နီသောရောင်ခြည်တော်, သာခွာဘော်ကြူ ဖွေး
ဖွေးလူသကဲ့သို့ ဖြူသောရောင်ခြည်တော်,ပြာလျှံ ညိုလျှံ ခိုးလျှံ စု
ပေါင်း ရှုမညောင်းမျှ မောင်းသောရောင်ခြည်တော်, ရှဲတစက်
စက် တခဲနက်ဖြင့် မြိုးပြက်ထိန်လင်း ဝိုးဝိုးဝင်းသော ရောင်ခြည်
တော်တည်းဟူသော ရောင်ခြည်တော်မြစိုင်ကို တပြိုင်နက် ကွန့်မြူး
စေလျက် လ-နေ အတိ လျှံ ငြိ ပြောင် ပြောင် ဗိမာန်ရောင်နှင့်
သောင်းထောင်စကြဝဠာ ထွန်းလင်း ဖြာသော ဗြဟ္မာကြီးတို့၏
ကိုယ်ရောင်ကိုလျက် နှိပ်စက် လွှမ်းမိုးနိုင်သော ကိုယ်တော်ရောင်
တို့ဖြင့် အထောင်အသောင်းသော လောကဓာတ်ကို တလျှပ်လျှပ်
ထွန်းလင်းတော်မူပြီးထသော။

၆။ ပရိဗိုဇ် တက္ကဒွန်း ရဟန်းရသေ့ မုဒန့်အရီး ဦးပြီး တပ
သီ ဗေရာဂီတို့၏ ဝါဒီအလိုက် စရိုက်ဘာဝ ကျင့်ဆောင်ကြသော
သာသန ဗာဟိ လောကီသီလတို့ထက် ဆထက် ထောင်ရာ သာ
လွန်ဘိသဖြင့် အဓိသီလဟု သမုတ်အပ်သော အာပတ်ခုနစ်ပုံကို
လုံစွာစောင့်ကြောင်း ဖြစ်သော ပါတိမောက္ခသံဝရသီလ, ဣန္ဒြေ
ခြောက်ပါးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းငှါ တားမြစ်ပိတ်ပင်
ကြောင်းဖြစ်သော ဣန္ဒြိယ သံဝရ သီလ,မိစ္ဆာဇီဝမှ ကြဉ်ခွါလျက်
စင်ကြယ်စွာ အသက်မွေးကြောင်းဖြစ်သော အာဇီဝ ပါရိသုဒ္ဓိ
သီလ, ပစ္စည်းလေးဖြာကို ပစ္စဝေက္ခဏာဖြင့် သုံးခြင်းတည်း ဟူ



သော ပစ္စယသန္နိဿိတသီလ, ဤလေးဝသော စတုပါရိ သုဒ္ဓိတန်
ခွန်၏ အလွန်ဖြူစင် မှုမတင်ခြင်းတည်း ဟူသော သီလ ဝိသုဒ္ဓိ,
မဟာဂုတ် လောကုတ္တရာစျာန်၌သာလျှင် မြဲမြံစွာ လေ့လာခြင်း
တည်း ဟူသော စိတ္တဝိသုဒ္ဓိ, ၆၂-ဖြာသော မိစ္ဆာဝါဒီ ဝိတန္ဒီ
ညစ်ကြေးမှ ကင်းဝေး ဖြူစင်လျက် အယူ၏ စင်ခြင်း တည်းဟူ
သော ဒိဋ္ဌိဝိသုဒ္ဓိ, ၁၆-ပါးသော ယုံမှားသံသယကို ဖြတ်ခွာလွန်
မြောက်နိုင်သော ဉာဏ်၏စင်ခြင်း တည်းဟူသော ကင်္ခါဝိတရဏ
ဝိသုဒ္ဓိ, မဂ်ဟုတ်သည် မဟုတ်သည်ကို မြင်နိုင်သော ဉာဏ်၏ စင်
ခြင်း တည်းဟူသော မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ, မဂ်သို့ ရောက်
ကြောင်း အကျင့်ကောင်းကို မြင်နိုင်သော ဉာဏ်၏စင်ခြင်းတည်း
ဟူသော ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ, မဂ်လေးရပ်နှင့် သဟဇာတ်
သမ္ပယုတ်ဖြစ်၍ သစ္စာလေးတန်ကို ၁၆-နှင့်ဝေဘန်၍ ကောန်ကျန
စွာ မြင်နိုင်သော ဉာဏဒဿနဝိသုဒ္ဓိတည်းဟူသော ဝိသုဒ္ဓိ ၇-ပါး
တရားဘွဲ့ဖြူ သရဖူမကိုဋ်ဦးစိုက်မင်္ဂလာ မြတ်တန်းဆာကိုတင့်တယ်
စွာ ဆင်ယင်လျက် တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒ ဝိမုတ္တိ,
ပဋိပ္ပဿမ္ဘန ဝိမုတ္တိ, နိဿရဏဝိမုတ္တိ တည်းဟူသော ဝိမုတ္တိငါးရပ်
တရားမြတ်ကြောင့် လောကဓာတ် အလုံး ညွတ်ကြုံး ပူဇော်ရာ
အာဂါရမုနိ, အနာဂါရမုနိ,သေက္ခမုနိ,အသေက္ခမုနိ,ပစ္စေကမုနိ
တို့ထက် ကဲတက် လွန်မြတ်စွာ မုနိန္ဒာဘိပဝရ အတုလမုနိလည်း
ဖြစ်တော်မူထသော။

၇။ အတိတအဒ္ဓ ထွန်းပရောင်ဝါ သမုဒ္ဒါဟု ဂင်္ဂါဝါဠု သဲ
စုမြူဟန် ပမာတန်ကဲ့သို့ အနန္တဂူ နိဗ္ဗာန်ယူကုန်သော ဆူဆူမြတ်စွာ
ဗောသတ္တာတို့၏ သွားရာလမ်းကြောင်း စရိုက်ကောင်း မူလဖြစ်
သော သီလသံဝရ, ဣန္ဒြိယသံဝရ, ဘောဇနမတ္တညုတာ, ဇာဂ

ရိယာနုယောဂ, သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ, စတ္တာရိဈာနာနိဟူသော စရဏတရား ၁၅-ပါးတို့ကို အားသစ် ကျင့်ဆောင်တော်မူသဖြင့် သယမ္ဘူတကာ ပြည့်စုံရသော နာနာကုသတို့၏ ဝေါဟာရသဒ္ဒါ၏ အနက်ကို အချက်ကျ သိနိုင်သော အတ္ထပဋိသမ္ဘိဒါ, ဝါစာဂီရ နှုတ်သံလွှတ်က ဇာတ်တူတူ မတူတူ ဘာသာဟူသမျှကို ကေန္တ သိနိုင်သော ဓမ္မပဋိသမ္ဘိဒါ, တခုတခုသောပုဒ် အက္ခရာသဒ္ဒါ၏အလို ဝိဂ္ဂြိုဟ်ဝစနတ် ခေတ်ပစ္စည်း လိင်အံဖြင့် ဝေဘန်၍သိနိုင်သော နိရုတ္တိပဋိသမ္ဘိဒါ, ကိုယ်တော်သိ သမျှတရားကို သူတပါးသိစိမ့်သောငှါ သဒ္ဒါပညတ်သို့တင်၍ စုံလင်စွာ မြွက်ဆိုတတ်သော ပဋိဘာနပဋိသမ္ဘိဒါ တည်းဟူသော ပဋိသမ္ဘိဒါလေးပါး၊ ဣဒ္ဓိဝိဓ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, စေတောပရိယ, ပုဗ္ဗေနိဝါသာနုဿတိ, ယထာကမ္မူပဂ, အနာဂတံသတည်းဟူသော အဘိညာဉ် ၇-ပါး၊ ရူပဈာန်လေးရပ်, အရူပဈာန်လေးရပ် အားဖြင့် သမာပတ်ရှစ်ပါး၊ ကျေးဇူးတော် ၁၈-ပါး၊ ထူးပြားဆန်းကြယ် အံ့ဘွယ်တော်ရှစ်စုံ ထိုမျှဂုဏ်ကို ဥဿုံစိုးပိုင်တော်မူပြီးထသော။

၈။ ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်, ဤလေးတန်ကို တိုက်လှန်ဖြိုခွဲ၍ အောင်ပွဲထူနိုင် အောင်လံကိုင်သော ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာ သတိပဋ္ဌာန်, စိတ္တာနုပဿနာ သတိပဋ္ဌာန်, ဓမ္မာနုပဿနာ သတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန်လေးပါး၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း, မဖြစ်သေးသော အကုသိုလ် တရားတို့ကို တဖန်အသစ်မဖြစ်စေခြင်း, မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပွားအောင် လုံ့လပြုခြင်း, ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားစည်ပင် စိမ့်သောငှါ လွန်စွာလုံ့လပြုခြင်းတည်းဟူသော



သမ္မပ္ပဓာန်လေးပါး၊ ဆန္ဒိဒ္ဓိပါဒ်, ဝီရိယိဒ္ဓိပါဒ်, စိတ္တိဒ္ဓိပါဒ်, ဝီမံသိဒ္ဓိပါဒ်တည်းဟူသော ဣဒ္ဓိပါဒ်လေးပါး၊ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ တည်းဟူသော ဣန္ဒြေ ၅ ပါး၊ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် တည်းဟူသော ဗိုလ်ငါးပါး၊ သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင်၇-ပါး၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါး၊ ဤသို့အားဖြင့် ပိုင်းခြားတွက်ဘွဲ၍ သုံးဆဲ့ခုနစ်ရပ် အလွန်မြတ်သော ဗောဓိပက္ခိယ ဓမ္မအကျော် ရဲမက်တော် တို့ကို ကိုယ်ရံတော်ကြီး ဦးစီးဗိုလ်ချုပ်တင်လျက် အသင်္ချေ တွက်ရေမဆုံး ပတ်ကုံးကိလေသာ မာရ်ဗိုလ်ပါတို့ကို ဆံလွှာမကြွင်းအောင် ခေမခုတ်စင်းတိုက်သိမ်း အငြိမ်းအောင်မြင်တော်မူသဖြင့် အသင်္ခတရွှေဘုံ ဓမ္မာရုံသဘင် မြိုင်နန်းခွင်၌ ဦးကင်စွင့်စွင့် ဖွင့်တော်မူပြီးထသော။

၉။ လေးအသင်္ချေ လွန်လေတသိန်း အကိန်းများလှ ကပ်ထိုမျှ၌ လုံ့လကြိုးပမ်းဖြည့်စွမ်းဆည်းပူးတော်မူခဲ့သော ဒါနပါရမီ, သီလပါရမီ, နေက္ခမ္မပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ, အဓိဋ္ဌာန်ပါရမီ, ဥပေက္ခာပါရမီ, ဆယ်လီသုံးစုံ ဤဘုန်းဟုန်ကြောင့် လူ့ဘုံစံပျော် အလောင်းတော်ဖြစ်စဉ်အခါကပင်လျှင် ကာဠာဝက ဂင်္ဂေယျနှင့် ပဏ္ဍရ, တမ္ဗ, ပိင်္ဂလ, ဂန္ဓ, မင်္ဂလ, ဟေမ, ဥပေါသထ, ဆဒ္ဒန်ဤဆယ်တန်သော ဆင်မျိုးတို့၏ ဆယ်တက်ဆယ်တက်စီသောအားကို ဆောင်နိုင်သည်ဖြစ်၍ ယောကျ်ားမြတ် ဗိုလ်ခြေ ကုဋေတသိန်းတို့၏ ကာယဗလ၊ ဉာဏ

ဌာန ကောသလ္လဉာဏ်, ဝိပါကဉာဏ်, သဗ္ဗတ္ထဂါမိနာဉာဏ်,နာနာ ဓါတုဉာဏ်,အဓိမုတ္တိဉာဏ်,ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ဈာနာဒိသံ ကိလေသဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယ ဉာဏ်တည်းဟူသောဆယ်ပါးသောဉာဏဗလကိုရတော်မူသည်ဖြစ် ၍လူ့ပြည်နတ်ရပ် ခေတ်သုံးထပ်၌ အုပ်ကွပ်စိုးပိုင်နိုင်တော်မူခြင်း တည်းဟူသော ဣဿရိယဘုန်းတော်၊ လောကုတ္တရာတရား မြတ် လေးပါးသို့ ထင်ရှားစွာ ရောက်တော်မူခြင်း တည်းဟူသော ဓမ္မ ဘုန်းတော်၊နရက်ဘဝဂ် အောက်ထက်ပျံ့လှိုင် သုံးခရိုင်၌ အဆုံး တိုင်ကျော်စေခြင်း တည်းဟူသော ယသဘုန်းတော်၊ သုံးဆဲ့နှစ် ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာရောင်ဝါမြူတေကြွက် သရေအပေါင်းနှင့် ပြည့်စုံတော်မူခြင်းတည်း ဟူသော သိရီ ဘုန်း တော်၊အလိုတော်ရှိသမျှ တခဏသာပြည့်စုံသာခြင်းတည်းဟူသော ကာမဘုန်းတော်၊နိဗ္ဗာန်ရောက်ရာဒေသနာဖြင့် ဗြဟ္မာနတ်လူ သုံး ဘုံသူတို့ကို ကြည်ဖြူစွာလှ သင်ဆုံးမ သောကြောင့် လောကလုံး ကိုးကွယ်ရာ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း တည်းဟူသော ပယတ္တ ဘုန်းတော်၊ ဤခြောက်ဘော်သော ဘုန်းတော်အမြတ် ဂုဏ်ရဟတ်ကြောင့် လောကဓာတ်အဆုံး ညွတ်ရုံး ကြည် သာ ကောင်းချီးဩလျက် ဘဂဝါဟူသော ဘွဲ့ပုံတော်ထူးဖြင့် ညွတ် နူးကော်ရော် ပူဇော်ချီးပရာ တမူလည်း ဖြစ်တော်မူထသော။

၁၀။ အဒ္ဓဆက္က ဇာတကကို ပုံပြသက်သေခံလျက် အနန္တ ဘဝ ဖြစ်သမျှတို့၌ ဓနပရိစာဂ, ပုတ္တပရိစာဂ, ဘရိယပရိစာဂ, အင်္ဂပရိစာဂ, ဇီဝိတပရိစာဂ တည်းဟူသော စွန့်ခြင်းကြီး ငါးအင် ကို မဂ္ဂင်ဘောင်ပြန် ဆန်လိုသူ အပေါင်းတို့ထက် ကဲအောင်လွန် မောက်၍ အထောက်မဘန်ပြုခဲ့သော ဟေတုသမ္ပဒါ မြတ်သမ္ဘာ ကြောင့် အဏိမာ,လဂိမာ,မဟိမာ, ပတ္တိမာ, ပါကမ္မာ,ဤသိတာ,



ဝသိတာ,ယတ္ထကာမာ, ဝသာယိတာဟု ဘာသာမဂဓိုရ်ရာဇဂြိုဟ် ဥဒါန်းနှင့်အညီ ရုံသီနေပြောက် ပြူတင်းပေါက်၌ မြင်လောက် ရှိသော အဏုမြူပမာ သိမ်မွေ့စွာသော ကိုယ်တော်ကို ဖန်ဆင်း တော်မူနိုင်ခြင်း၊ ရေပြင်မြေမိုးယံပျံလျှိုးငုပ်လွှား သွားတော်မူနိုင် ခြင်း၊ ကြီးစေလိုက မြင့်မိုရ်ပြန်ရာ ထိုထက်သာ၍ စကြဝဠာ တိုက်လုံး လွှမ်းဖုံးပတ်လျှည့် ကိုယ်တော်ပြည့်အောင် တရှိတိုင်း ရ တော်မူနိုင်ခြင်း၊ မြေထုရေထု မေရုပဗ္ဗတာ သိလာတောင်ထပ် အ တွင်းရပ်တို့ကို ပြင်းကျပ်ပိတ်ဆီးခြင်းမရှိ ပကတိကောင်းကင်ဟင်း လင်းပြင်ကဲ့သို့ လျှိုးဝင်ထွင်းဖောက် ကြွရောက်တော်မူနိုင်ခြင်း၊ မနောဓိဋ္ဌာန် စိတ်တော်ကြံတိုင်း ဏမ္မာ ကမ္မ ဟူသမျှတို့ ကုံငြိုး မြောက်ခြင်း၊ သုံးဆယ့်တဘုံ အလုံးစုံကို အုပ်ချုပ်စိုးပိုင်တော်မူ ခြင်း၊ လောကီဈာန်ရပ် သမာပတ်တို့ကို မပြတ်ဝင်ကာ လိုတိုင်း ပါအောင် လေ့လာတော် မူနိုင်ခြင်း၊ သက်မရှိသော ဂိရိဗဟို တောင်မြင့်မိုရ်မှ လိုတော်လိုက်ခါ ညွှတ်ငိုက်လာခြင်း တည်းဟူ သော တန်ခိုးရှစ်ဦး ဘုန်းတော်ထူးဖြင့် အံ့မူးကြီးကြိုင် မဆုံးနိုင် ၍ တပြိုင်စီလျက် တပြိုင်ပျက်သော စကြဝဠာတိုက်နေ သိန်းကု ဋေကို ရွှေမုတ်ဆန်ဆွမ်း အာဏာလွှမ်း၍ ထဲဝမ်းစိမ့်စိမ့် ကြက် သည်းဖိမ့်မျှ ခြိမ့်ခြိမ့်ကြွေးကြော် ပူဇော်ကြရာ သုံးရွာလုံး တန် ဆောင် မင်းခေါင်မင်းဖျား မင်းတရားအစစ်လည်း ဖြစ်တော်မူ ထသော။

၁၁။ လောကသုံးရွာ သတ္တဝါတို့၏ ခန္ဓာ ရုပ်နာမ်ဝယ် အဖန်ဖန် ကပ်ငြိလျက် ဖိစီးနှိပ်စက် တတ်သော ပိဋ္ဌနအနက်, ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား လေးခုတို့ သည် ပြုပြင်စီရင်အပ်သော သင်္ခါအနက်, မရှောင့်ရဲစွာ သတ္တ ဝါကို လောင်ဆာပူစေဘတ်သော သန္တာပအနက်, ဇရာမရဏ

သောက ပဋိသန် တို့ဖြင့် ဖောက်ပြန် ပျက်စီးတတ်သော ဝိပရိဏာမ အနက်တည်းဟူသော လေးပါးသော ဒုက္ခသစ္စာ၏ အနက်တို့ကိုရင်း၊ အစမထင် သံသရာ၌ လူးလာစုန်ဆန် အဖန်ဖန်သွားလာခြင်းငှါ အားထုတ်တတ်သော အာယူဟနအနက်, ဝဋ်ဆင်းရဲအပေါင်း၏ အကြောင်းရင်းမူလဖြစ်သော နိဒါနအနက်, ဝဋ်ဆင်းရဲ၌ အမြဲပျော်ရွှင် တဖင်ဖင်ဖြင့် ယှဉ်စေတတ်သော သံယောဂအနက်, ထွက်မြောက်ကြောင်း မဂ္ဂသစ္စာကို ဆီးကာတားမြစ်တတ်သော ပလိဗောဓအနက် တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုရင်း၊ သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်သော နိဿရဏအနက်, ပြုပြင်ရာသင်္ခါရတို့ ဆိတ်သော ဝိဝေကအနက်, ပြုပြင်ခြင်းကင်းသော အသင်္ခတအနက်, သေခြင်း စသော ဒုက္ခ ခပ်သိမ်းမှ ကင်းငြိမ်း ချမ်းသာသော အမတအနက်တည်းဟူသော လေးပါးသော နိရောဓသစ္စာ၏အနက်တို့ကိုရင်း၊ ဝဋ်ဒုက္ခအပေါင်းမှကောင်းစွာ ထွက်မြောက်ကြောင်းဖြစ်သော နိယျာနိကအနက်,နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောဟေတုအနက်, နိဗ္ဗာန်ကို မြင်တတ်သောဒဿနအနက်, သစ္စာလေးမျိုးကို အစိုးရသောအာဓိပတေယျ အနက်တည်းဟူသော လေးပါးသော မဂ္ဂသစ္စာ၏အနက်တို့ကိုရင်း၊ အကြောင်းအကျိုးအားလျော်စွာ လေးသစ္စာကို ဒဿနာကာရဖြင့် သောဠသဝေဘန်၍ ရွှေဉာဏ်တော်တွင် ရွှေလက်တင်ပတ္တမြားကဲ့သို့ ပိုင်းခြားထင်ထင်သိမြင်တော်မူသည့်အလျောက် အထောက်အခံ ကံ ဉာဏ်ကြီးရင့်ပွင့်ထိုက်သောသတ္တဝါ ဝေနေယျာကို ပွင့်ပါစေ နှုလုံးဖြင့် စွေချုန်းထစ်ကျိုးရှစ်ကိုးနယ်ကုန် သုန်သုန်ပြင်းဝန်ရွာဖြန်းသွန်သော မေဃဝန်တမျှ ကာရုညဖြင့် ဓမ္မဘေရီ မေဓနီကို နာရီမလတ် လူနှင့်နတ်အားမပြတ်ဟောကြား လေးဆဲ့ငါးဖြင့် တရားဓမ္မစက်



တိုမှာဘက်သို့ မပျက်သွန်သွန် ဝဋ်မှလွန်အောင် လမ်းညွှန်တော်မူလေ့ရှိပါသောသုံးရပ်လုံးဆရာ စက္ကာတိစက္က စက္ကိန္ဒ ဒေဝါတိဒေဝဒေဝိန္ဒ ဗြဟ္မာတိ ဗြဟ္မဗြဟ္မိန္ဒ၊တိဘဝပါရဂူ အဘိမုခ အနုတ္တရသင်းကျစ် ဓမ္မရာဇ်မှန်ကူ သာယမ္ဘူနတ် ဘုရားမြတ်ကို။ အဟံ! အကျွန်ုပ်သည်။ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးပါ၏ အရှင်ဘုရား။

# လက္ခဏာတော်ကြီး ၃၂-ပါး

## ဘုရားရှိခိုး

"ဗုဒ္ဓေါ နိဂြောဓ ဗိမ္ဗော၊ လ၊ တံ မဟေသိံ နမာမိ" ဟု ကဝိပုဂ်ဂ စွယ်စုံလှသော "ဗုဒ္ဓဃောသ" အကျော် ပူဇော်ခဲ့ရာ ဆန်းလာဘွဲ့ထုံး ၇-လုံးသုံးလီ ယတိမည်လျက် ခုနစ်လည်ဂိုဏ်းမြွတ်လေးပိုင်းဖြတ်သော "သဒ္ဓရာ" ခေါ် ဂါထာကျော်နှင့်အညီ—

၁။ ပါရမီကံ အခံစုံဟိတ် ဂုဏ်ဝိသိဌ်ကြောင့် နိမိတ်တင်ပြ အင်္ဂဝိဇ္ဇာ လက္ခဏာဝေဒလ် ကျမ်းဂန်တတ်သူ ပဏ္ဍိတ်လူတို့သည်ဤသူမြတ်ကား ခေတ်သုံးပါး၌ဘုရားသဗ္ဗညူ အတုလဓမ္မရာဇ်ကေန်ဖြစ်မည်ဟုစင်စစ်အမှန်သိထောက်တန်သော ကြံအင်လက္ခဏာ မဟာပုရိသ နိမိတ်တို့သည် အတိတ်ဘွားဦး စကပင် ကံထူးပြဆောင်လျက် သံတောင်တရာ ဘီလာအစောက် ညီစွာရောက်သော ခက်လက်ဝေမြိုင် နေထိုင်သန့်ရှင်း ပညောင်မင်း၏ အဝန်းအရပ်တို့သည် မျှတညီညွတ်သကဲ့သို့ ကိုယ်ရပ်တော်နှင့် ကိုယ်လံ တိုင်းထွာစံသော် တဆံမသာ ညီမျှစွာသော ကိုယ်တော်ရှိခြင်းတည်းဟူသော နိဂြောဓဗိမ္ဗလက္ခဏာ။

၂။ ကြည့်စွာသောဆီတွင် အလီတရာမက ကြိတ်အပ်သော လဲလိပ်ဂွမ်းသစ်ကို ဆွတ်နှစ်သည့် အလား နုထွားမွတ်ညက်သောလက်ဖဝါး ခြေဖဝါးတော် အပျဉ်းရှိခြင်းတည်းဟူသော မုဒုကရ-စရဏ လက္ခဏာ။



၃။ သလိပ်သည်းခြေ ပျောက်ပြေ စင်ကင်း သန့်ရှင်းချောင်ဖြူဟွာသံကဲ့သို့ နာခံ၍မငြီးငွေ့ ချမ်းမြေ့လွန်မင်းအောင် သန့်ရှင်းသာယာ သိသာနာဘွယ် လုံကျယ်နက်နဲ မကွဲမပြတ် ပဲ့တင်ထပ်သော အင်္ဂါရှစ်ဘော်အသံတော်နှင့် ပြည့်စုံတော်မူခြင်း တည်းဟူသော ဗြဟ္မဃောသ လက္ခဏာ။

၄။ မြိုင်ယံဂိဝါ ဟေမဝါ၌ချမ်းသာစွာ နေမှီသောဏီယသားမျိုး၏ ရိုးဆက်မငေါ် ပြေချော လှပသော မြင်းခေါင်းသားပမာ ညီညာချောပြေ့ သိမ်မွေ့ လှဆုံးစွယ်သတ်ရိုးသော သလုံးမြင်းခေါင်းတော် ရှိခြင်းတည်းဟူသော ဏီဇင်္ဃလက္ခဏာ။

၅။ ပွင့်ချပ်တရာ ရွှေကြာပဒုံဖူးငုံတမျှ ဇာနေယျလေးဦးတို့၏ နိမိတ်အင်္ဂါကဲ့သို့ လွန်စွာပြေပြစ် ကျစ်လစ် မွေ့သိမ် အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော ယောကျ်ား မြတ်၏ ဇာတ်ဂုန္ဒြေ ရှိခြင်းတည်းဟူသောကောသစ္ဆာဒင်္ဂဇာတ လက္ခဏာ။

၆။ မြေမျက်နှာဝယ် ညီညာထိခိုက် မရှိုက်မမောက် မကောက်မကွင်း ရွှေခြေနင်းအလား ရွှေပျဉ်ပြား ကဲ့သို့ ဖဝါးတော်၏ ညီညွတ်ခြင်းတည်းဟူသော သုပ္ပတိဋ္ဌိတပါဒ လက္ခဏာ။

၇။ ရှုမျှော်တင့်လှ မျက်မှောင်စ၌ ကြွစရောင်ကား လကျ်ာရစ်လည် ငွေနန်းချည်သို့ မရှည်စလှ လံဝက်မျှသော ဥဏ္ဏာလောမ လက္ခဏာ။

၈။ တိမ်ဦးမိုဃ်းဝ ဈာန်ဖြင့်ကြွသော ဟရိတ ဗြဟ္မာမင်းကဲ့

သို့ ဖြောင့်စင်းတည့်မတ်သော ကိုယ်တော်ရှိခြင်းတည်း
ဟူသော ဗြဟ္မုဇုဂတ္တလက္ခဏာ။

၉။ ရောင်လျှံထွန်းပ ပဿဒေါးထွေတွင် ဝါရွှေနီကြူ ဖြူ
သောအရာနည်းလျက် နက်မည်းစိမ်းညို ခိုမှင်သဟန်
မှင်လှန်များဘိ မျက်လုံးတော် ရှိခြင်းတည်း ဟူသော
နီလက္ခိလက္ခဏာ။

၁၀။ ဖဝါးတော်စု လေးဘို့ပြုလျက် နှစ်စုဖဝါး ဦး ဒူး
အောက်တချို့ တဘို့ဖနှောင့် တည်သောကြောင့်လျှင်
မထောင့်မငယ် မသွယ်မတို နကိုယ်ဝန်းလည် ကွန့်၍
တည်သကဲ့သို့ ရှည်သောဖနှောင့်တော် ရှိခြင်း တည်းဟူ
သော ဒီဃပဏှိလက္ခဏာ။

၁၁။ ရာသီဖန်ငင် မြူသန်ကင်းကြွေ သိင်္ဂီရွှေကဲ့သို့ မှည့်ကြွေမြူ
ညှင်း ညစ်ကြေးကင်း၍ ဝင်းဝင်းပပ သိမ်မွေ့လှသော
အရေလွှာ ရှိခြင်း တည်းဟူသော သုခုမာမလ ဆဝိ
လက္ခဏာ။

၁၂။ မကိုဋ်ပန်းဝယ် မြနန်းခြင်စွက် မြင်သာရှုံခက် သကဲ့သို့
ဆစ်မျက်ဥသုံ လုံးစုံရှိင်းရှိင်း ပြိုင်းပြိုင်းမထ ရှိန်းရှံမျှ
သော ကြောမတော်တထောင်, ကုန်အောင်နီးလှ နှမ်း
စေ့မျှကို တင်ထလျှာဖျား ဘုဦးပေးငြားလည်း ဖွင့်
ထွားဖန့်ဖန့် ကိုယ်လုံးနှံ့အောင် ရသာဆောင်သော
ခုနစ်ထောင်၊ ကြောသေးတို့နှင့် ပြည့်ဝကုံလုံ ပြည့်စုံ
တော်မူခြင်း တည်းဟူသော ထောမျယာသဂ္ဂါသဂ္ဂိ
လက္ခဏာ။



၁၃။ အထက်နှစ်ဆယ် အောက်နှစ်ဆယ်ဟု ရှုဘွယ်တင့်လှ
လေးဆယ်မျှသော စတ္တာလီသဒန္တလက္ခဏာ။

၁၄။ ငယ်ကြီးမရှိ တိတိညီညီ ပုလဲစီသကဲ့သို့ ညီညွတ်မျှတ
သော သမကာဒန္တ လက္ခဏာ။

၁၅။ မုတ္တာလျှံဝင်း ခရုသင်းပွတ်သစ်သကဲ့သို့ နစ်နစ်ဖြူချော
မခေါမလိပ် မစိပ်မကျဲ ရွဲစီသည့်အဟန် မြဲမြံ ခိုင်ဘိ
သွားတော်ရှိခြင်းတည်းဟူသော အဝိရဠ္ဌဒန္တလက္ခဏာ။

၁၆။ ကျောက်သွားတော် နှစ်ဘက် အလယ်ချက်၌ မနက်
မရှိုင်း မကိုင်းမကုန်း ရေလုံးစီးကြောင်းမထင် ရွှေအင်း
ပျဉ်ကဲ့သို့စီလျှင်သင့်လျော် ပခုံးတော်မှသည် ခါးတော်
ကျအောင် လှပပြည့်ဖြိုးသော ကျောက်သားတော်မြတ်
ရှိခြင်းတည်းဟူသော အန္တရသဗ္ဗပီနလက္ခဏာ။

၁၇။ အခံနုစွာချောမွေ့ရာဝယ် မြင်းသိလာသွေး ချိပ်ရည်
ဆေးဖြင့် ရေးထားစီဖြန့်သကဲ့သို့ အကန့်တထောင် ရစ်
မျှောင်သွယ်ဖြာအလယ်ချာ၌ မသာရဂံ ရောင်လျှံဖြိုး
ပြ ရိုးရိုးထလျက်တရာ့ရှစ်ကွက် ဝန်းရံယှက်သော ဖဝါး
တော်မြတ် အပြင်ရှိခြင်း တည်းဟူသော စက္ကေနင်္ကိတ
ပါဒ လက္ခဏာ။

၁၈။ ဖမိုးတော်အထက် လေးသစ်တက်၍ နှစ်ဖက် စွန့်စွန့်
လဝန်းအသွင် မြူမတင်အောင် အစဉ်မြင့်သော ဖမျက်
တော်မြတ် ရှိခြင်း တည်း ဟူသော မာရဇုဿင်္ခ ပါဒ
လက္ခဏာ။

၁၉။ နိတုံနှိုင်းလျော် ရွှေကိုယ်တော်ကို ရပ်တော်မူလျက်
မညွတ်မရှိုင်း မကိုင်းမညွတ်မူ၍ သိမ်မွေ့သော လက်
တော်အစုံဖြင့် ပန်းငုံသဘွယ် နှစ်သွယ်သောပဆစ်တော်

မြတ်ကို သုံးသပ်တော်မူနိုင်ခြင်း တည်းဟူသော ဇဏ္ဏု
ကာနာမသန္တ လက္ခဏာ။

၂၀။ ရွှေစည်မရိုး ကြာသွတ်အိုး၏ ဖြိုးဖြိုးအင်ပျို လည်ကဲ့
သို့လျှင် နှစ်လို့ သဘွယ် သုံးရစ်သွယ်လျက် တင့်တယ်
လှဆုံး အစဉ်လုံးသော လည်တော်ရှိခြင်းတည်းဟူသော
ဝဋ္ဋက္ခန္ဓ လက္ခဏာ။

၂၁။ ယနေ့ဘွားသော နွားငယ်အသွင် သန့်စင်ပျိုနုလျက်
ကွန့်ကာတက်သော မျက်မွေးမျက်ဘောင်တော် ရှိခြင်း
တည်းဟူသော ဂေါတရဏ ပခုမ လက္ခဏာ။

၂၂။ ကေသရာစိတ် မိဂိန္ဒြ သားမျှသေ၌နင်း ခြသေ့်မင်း၏
ဖြည့်တင်းအင်တက် ရှေ့ထက်ဝက်ကဲ့သို့ မညှပ်မသိမ်
မပိန်မရှုံး လွန်ပြည့်ဖြိုးသော ကိုယ်တော်ရှိခြင်း တည်း
ဟူသော သီဟပုဗ္ဗဒ္ဓကာယ လက္ခဏာ။

၂၃။ လက်ဖမိုးတော်နှစ်ထွေ ခြေဖမိုးတော်နှစ်ဖြာပခုံးတော်
နှစ်ဖက် ဂုတ်ဆက်တော်မြတ် ဤခုနစ်ရပ်သော အရပ်
အဘို့ဝယ် မို့မို့ဖြိုးမောက် ပြည့်စုံစွာရောက်ခြင်းတည်း
ဟူသော သတ္တုဿဒ လက္ခဏာ။

၂၄။ ဉာဏ်ကျယ်သုခမိန် ရွှေပန်းထိမ်တို့သည် နှိုင်းချိန်၍လုပ်
ကိုင်သော ရွှေတိုင်ရွှေချောင်း ရွှေဖယောင်းကဲ့သို့ ပြေ
ပျောင်း သန့်ရှင်း လျက် အရင်းမှသည် အဖျားတိုင်
အောင် ရှည်လျားသွယ်ညွတ် နုထွတ်လှပသော ခြေ
ချောင်း လက်ချောင်းတော် ရှိ ခြင်း တည်း ဟူ သော
ဒီဃင်္ဂုလိ လက္ခဏာ။

၂၅။ တခုတခုသော အမွေးတွင်း၌ မွေးညှင်း တပင်စီသာ
ရောက်သော လောမေ ကူပေကလက္ခဏာ။



၂၆။ ထိုလောမာတို့သည် ညီစွာစိုက်လျက် ရစ်ဝိုက်လကျာ
ရွှေမျက်နှာကို သဒ္ဒါကော်ရော် ဖူးမျှော် ကြသည်အ
လား ညွန့်ဖျားကော့မြူး မပူး မယှက်သော မွေးညှင်း
တော်မြတ် ရှိခြင်း တည်းဟူသော နီလမုဒ္ဒဂ္ဂလောမ
လက္ခဏာ။

၂၇။ မြွက်ကျူးဗျာကျူ ပြုံးတော်မူက အဖြူရောင်ခြည်
ကွန့်လည်မြူးပေ သောက်ရှူး ကြွေသကဲ့သို့ ဆယ်ထွေ
အရပ်ဖွေးဖွေးလျှပ်သော စွယ်တော်မြတ်လေးဆူပြည့်စုံ
တော်မူခြင်း တည်းဟူသော သမ္ပန္နောဒါတလက္ခဏာ။

၂၈။ ဇမ္ဗူသိင်္ဂီ ရွှေဇမ္ဗူကို ဒေါ်လီစေ့ဆော်ဖန်ဖန်လျှော်
၍ ခေရော်စနေ တမျှပုံသေ နိုတုံရွှေကဲ့သို့ အရေတော်ရှိ
ခြင်းတည်းဟူသော စမ္မတစ လက္ခဏာ။

၂၉။ နုဖတ်လှစွာ ရုပ်ဆင်းဝါ၌ ကျီးအာမှည့်တူ ပန်းစက္ကူ
အသား ဟင်းသပြဒါး ခေါင်ရမ်းကဲ့သို့ နီမြန်းလှစွာ
သိမ်မွေ့ရာ၌ နှာခေါင်း တော်အတွင်းသို့ သွတ်သွင်း
နိုင်သည့်, ကြီးရှည်သောအရာ၌ မျက်နှာတော်ဦး နဖူး
အပြင် ဆံတော်အလျှင်ကို ဖုံးအုပ်နိုင်သော အားဖြင့်
ရှည်ပါးကြီးပြန့် အံ့စဘွယ်သော လျှာတော် ရှိခြင်း
တည်းဟူသော ထူသဇိဝှ လက္ခဏာ။

၃၀။ တောမှူးပိုင်သ မိဂရာဇာ ကေသရာ၏ ညီညာရစ်ကွေ့
မေးနှင့်တညီ တိထိဒွါဒသ တက်၍ပသော ငွေလဝန်း
အရေးကဲ့သို့ရစ်ကွေ့တင့်တယ် ရှူချင်ဘွယ်သော မေး
တော် ရှိခြင်း တည်းဟူသော သီဟဟနုကလက္ခဏာ။

၃၁။ ပြောက်စုံယှက်သော ကွန်ရက်တံခါးဝယ် လက်သမား

တတ်သည် ကောင်းစွာ စီထားအပ်သော ရွှေပွတ်လုံးကဲ့သို့ တင့်ဆုံးသွယ်ပျောင်း လုံးပေါင်း ညီညွတ်သော ခြေချောင်း လက်ချောင်းတော် ရှိခြင်းတည်းဟူသော ဇာလီကပါဒဟတ္ထ လက္ခဏာ။

၃၂။ အကနိဋ္ဌဗြဟ္မာ စကြာမန္ဓာတ် သိကြားနတ်တို့၏ နဝရတ်မကိုဋ် ဦးစိုက် သရဖူနားဝယ် ရွှေပြားစ ဘိခတ်၍ တပ်အပ်သော သင်းကျစ်ရတနာကဲ့သို့ လက်ျာနဘန်တော်မှသည် လက်ဝဲ နဘန်တော်ခိုက်အောင် အလိုက်သင့် ပြေပြစ်လျက် လက်ျာရစ်သွားသော အသားလွှာမြတ် သင်းချပ်တော် ရတနာ ဘွားရင်းကပါသော မဟာဥဏှီသ လက္ခဏာတော်အားဖြင့် ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးသီးသီးဟိတ် ဂုဏ်တံဆိပ်ပုံကြောင့် လူ့ဘုံနတ်ဘုံ ဗြဟ္မာ့ဘုံဟု လုံးစုံ လောကဓာတ် အရပ်ရပ်၌ အမြတ်ထက်အမြတ် မနှိုင်းအပ်သောဘုဝတ္တယထွဋ်ဖျား ငါဘုရားဟု ထင်ရှား မဖေါ် မပြသော်လည်း ကိုယ်တော် အင်္ဂါ ပြည့်စုံဟန် ကြောင့်သယမ္ဘူဘဂဝါ မဟာပုရိသုတ္တမ ဥက္ကဋ္ဌထွဋ်တင် ဤသူပင်ဟု မြင်မြင်သမျှ ဦးညွတ်ရလျက်လောက လုံးကြွက်သရေ မြူတေပြီးပိုင် မချိနိုင်သော၊ တံမဟောသိံ၊ထိုမြတ်ဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေနမာမိ၊ သဒ္ဒါဖြိုးဖြိုး လက်စုံမိုး၍ ရှိခိုး ပူဇော်ပါ၏အရှင် ဘုရား။

# လက္ခဏာတော်ငယ်-၈၀

## ဘုရားရှိခိုး

သာရမဏ္ဍ ကမ္ဘာမထက် သုမေဓာတွင်ခေါ် ဝသီဘော်ငါး အင်နှင့် ဈာန်ယာဉ်စက်စီး ရသေ့ကြီးအဖြစ်မှစ၍ ကြီးငယ်ဘဝ ဖြစ်သမျှတို့၌ လောကတ္ထစရိုက်, ဉာတတ္ထစရိုက်, ဗုဒ္ဓတ္ထစရိုက် နှစ်မြိုက်ရိုးမြင့် ကျင့်တော်မူဘူးသော ကံထူးပါရမီ ဂုဏ်ဆီပြည့်ဝ သမ္ဘာရကြောင့် အန္တိမဘဝ ဘုရားအဖြစ်တော်ဝယ် စမ္ပေါ်နဒီ နိက္ခသိဂီ ဇာမရိဝတ်မှုံ ရွှေနိတုံကဲ့သို့ အလုံးစုံသော သဗ္ဗင်္ဂသမ္ပန္နာ မန္တာတော်သန္တာန်ဝယ် –

၁။ တမ္ဗနခအနုဗျဉ္ဇနာ=သူငါထိုထိုပုဂ္ဂိုလ်နှင့်နှင့်ဝယ်ဆေးတင်ကြိုးပမ်း၍ နီမြန်းအောင် ပြုသကဲ့သို့ မပြုပြင်ရ ပယောဂမရှိ ပကတိအလိုလို ကုသိုလ်တော်ဝိသိဋ္ဌကြောင့် ပဋိသန္ဓေအပါ ကျောက်သန္တာအလား ပတ္တမြားနီသဘွယ် နှစ်ဆယ်သော ခြေသည်း, လက်သည်းတော် အစုတို့၏ ရှု၍မခန်း နီမြန်းသော အင်္ဂါလည်း လက္ခဏာတော်ငယ် တပါး။

၂။ တုင်္ဂနခတာ=ခြေသည်း, လက်သည်းတော် အဦးတို့သည် ဖြူးဖြူးဖြောင့်ဖြောင့် မထောင့်မဝန်း ချွန်းသော အင်္ဂါလည်း လက္ခဏာတော်ငယ်တပါး။

၃။ သိနိဒ္ဓနခတာ=ညစ်မည်းတွန့်ရှုံ့ စုံ့စုံ့အရေး ပတ်သေးမထင် သန့်စင်ကျစ်လစ် ပြေပြစ်လုံးစီး မှုံမျှနည်းသော

ခြေသည်း လက်သည်း တော်မြတ် ရှိခြင်းသည်လည်း လက္ခဏာတော်ငယ်တပါး။

၄။ ဝဋ္ဋင်္ဂုလိတာ=မန္ဒိုင်းရာပင်ပမာယှဉ်သော် ဝါနီမျောက်မင်း၏ ပြစ်ကင်းစွာရှောင်း လက်, ခြေချောင်း ကဲ့သို့ ပြော့ပျောင်းချောမော အံ့ဩဘွယ်ကြီး စည်းစည်း ရုံးရုံးလုံးသည်၏ အဖြစ်လည်းလက္ခဏာတော်ငယ်တပါး။

၅။ ပီတင်္ဂုလိတာ=ညှံ့စီ ပြော့ပျောင်း ပျား ဖယောင်းကို ကောင်းစွာစစ်၍ ကျစ်သကဲ့သို့ အဆစ်အမျက် သက်သက် မရှိ ပွတ်၍ ညှိသကဲ့သို့ ရှိပေသော အင်္ဂါ လည်း လက္ခဏာတော်ငယ်တပါး။

၆။ အနုပုဗ္ဗင်္ဂုလိတာ= အရင်းမှသည် တစတစ သေးသွယ်လျက် တင့်တယ်စွာတိ လက်ဖျားထိအောင် ပကတိအလား စဉ်တိုင်း သွားလျက် အဖျား သွယ်စု လွန်ပျိုနှသော အင်္ဂုလိအင်္ဂါလည်း လက္ခဏာတော်ငယ်တပါး။

၇။ နိဂ္ဂူဍ္ဍသိရတာ= သာမန်ပုထုဇဉ် အကြင်လူနတ်တို့အား ထိပ်ကားမေးချွန်း နောက်စွန်းစူစွာ ဒဏ်ရာထိခိုက် ရိုက်သည်မောက်သည် ကောက်သည်အားဖြင့် ပိန်ပါးရွဲ့စောင်း ရှုမကောင်းအောင်ဦးခေါင်းရှိကြသကဲ့သို့ ထို့တူမဟုတ် ဝိသုဒ္ဓိဖျား ထွဋ်ထိပ်ထားကား ဗူးခါးသီးအသွင် ရွှေစင်ပုံသွန်း လုံးဝန်းညီညာ ရှုသာစတောင်းအလွန်ကောင်းသော ဦး ခေါင်း တော်မြတ် သည်လည်း လက္ခဏာတော်ငယ်တပါး။

၈။ နိဂ္ဂူဠှသိရတာ=ရှေးအင်္ဂါနှင့် များစွာမထူး နဖူးနသယ် နောက်ဖယ် အဆုံး ခေါင်းတော် လုံး၍ ကုံးကုံး ကျဉ်း



ကျဉ်း နိမ့်နင်းမထင် ပြစ်မျိုးစင်သောဦးခေါင်း တော်မြတ် ရှိသည်လည်း လက္ခဏာတော်ငယ် တပါး။

၉။ နိဂ္ဂူဠှဂုပ္ပကတာ၊ မစွန်းမစက် မရှိုက်ခွက်သော ဖမျက်တော်မြတ် ရှိသည်လည်း လက္ခဏာတော်ငယ် တပါး။

၁၀။ သမဂုပကတာ=တဏှာမကင်း လူခပင်းတို့အား ရုံ့ရင်း ဆစ်မျက် အဆက်မပြေ သားရေ မဖြိုး အရိုးငေါငေါ အကြောပြိုင်းပြိုင်း ရိုင်းသကဲ့သို့မရှိ ပကတိပွတ်ခံ စည်ရိုးတန်ကဲ့သို့ လုံးတန် ညီညွတ်သော ခြေဖမျက်တော်မြတ် ရှိသည်လည်း လက္ခဏာတော်ငယ်တပါး။

၁၁။ သမပါဒင်္ဂုလိတာ=ညီညာချောပြေ ဆယ်ချောင်းခြေတို့သည် တိုရှေမဟူ အတူတူမျှ ညီကုန်ကြသည်လည်း လက္ခဏာတော်ငယ် တပါး။

၁၂။ ဂဇသမာန ဂမနံ= ဆဒ္ဒန်ဆင်မင်း၏ ဆင်များအမင်း သွားခြင်းနှင့်မသွေ ဣန္ဒြေ ၆-ပါး လွန်တည်ငြားသော သွားခြင်းရှိသည်လည်း လက္ခဏာတော်ငယ်တပါး။

၁၃။ သီဟ ဟံသ ဥသဘ ဂမနံ=တောရံသုံးထောင် စိုးဆောင်ပိုင်နင်း ခြင်္သေ့မင်းနှင့် ဝင်းဝင်းလျှံပ ရွှေရေစွတ်သော ဓတရဋ္ဌဟင်္သာ, အာကာပျံကြွ ဥသဘနွားမင်း ၃-ပါးတို့ ဖဝါးခြေနင်း စမွယ်ခြင်းကဲ့သို့ ဖြေးညှင်းသာယာ စကြာခြေညွန့် ဖြန့်ကွန့်စမွယ်တော်မူခြင်း ရှိသည်လည်း လက္ခဏာတော်ငယ် သုံးပါး။ (၃)

၁၄။ ဒက္ခိဏာ ဝဋ္ဋဂတိတာ=အရပ်တပါး ကြွသွားမည်ကြံလျှင် စံတော်မူရာ ဗုဒ္ဓါသန ထွန်းပတင့်အပ် နေရာမြတ်ကို သုံးပတ်လက်ျာ ဓမ္မတာဖြင့် ကောင်းစွာလှည့်ပြီးမှ

ကြွသွားတော်မူခြင်း ရှိသည်လည်း လက္ခဏာတော်ငယ် တပါး။

၁၇။ သမန္တစာရုဇာဏုမဏ္ဍလံ=ပတ်ရံဝန်းကျင် မြင်မြင်သမျှ ရှုမဝအောင် ကြံရစနစ် ကောင်းစွာဖြစ်သော ပဆစ်တော်အဝန်း၏ မစွန်းမစက် လိုက်ဖက်တင့်တယ်ခြင်း ရှိသည်လည်း လက္ခဏာတော်ငယ်တပါး။

၁၈။ ကဒလိကာသဒိသဥရု= စင်ဖြူပျိုလွင် ငှက်ပျောပင်ကဲ့သို့ ရှုချင်ဘွယ်စတေ ကြက်သရေ အထူးကို ဆောင်သော ပေါင်တော်နှစ်ရပ်၏ ကောင်းမြတ်သော အင်္ဂါလည်း လက္ခဏာတော်ငယ်တပါး။

၁၉။ ပရိပုဏ္ဏပုရိသဗျဥ္ဇနတာ=ခြင်းရာလုံးစုံ အုံ့မကုန်အောင် ပြည့်စုံစေ့င အလွန်လှသော ပုရိသအင်္ဂါလည်း လက္ခဏာတော်ငယ် တပါး။

၂၀။ သုဝိဘတ္တဂတ္တာဒိ တေရသကာယ လက္ခဏတာ=အရာသင့်တင့် အခွင့်လျော်စွာ ပြစ်ဆာကြီးငယ် ဆိုဘွယ် တလစ် ဤတွင်ဖြစ်ဟု ဆိုသစ်မလောင်း ကောင်းစွာ ဝေဖန်အပ်သော ကိုယ်တော်-၁, ရှုမျှော်သူအများ သုံးဘုံသားတို့ ခြေဖျားကရောင်လျှံ ဆံတော်ကခြေထိ မျက်စိအား သင့်တင့်၍ အစဉ်အတိုင်းလှပသော ကိုယ်တော် ၂, ထိုထိုအရပ်ဝယ် ထွက်သည် ဝင်သည် မညီသည် မထင် အဆင်သင့်ရှုမဆုံး လုံးစီးသော ကိုယ်တော်-၃, မသပ္ပါယ်သောမြူမှုံညစ်ကြေး ချေးအစေးတို့ဖြင့်ယှက် မြေးလိမ်းကျံခြင်း မရှိသော ကိုယ်တော်-၄, ဖွပ်လျှော်သုတ်သင်ရခြင်းမရှိ ပကတိ စင်ကြယ်သော ကိုယ်တော် ၅, အုံ့ဘွယ်စင်စစ် ပြေပြစ်ကြီးပြန့်သော ကိုယ်တော်-၆,



နူးညံ့သော ကိုယ်တော်-၇, သန့်ပြန့်ချောမွေ့ သိမ်မွေ့သော ကိုယ်တော် -၈, အရာရာ၌ ရှုသာပျို့ပျို့ တွန့်တိုကောက်ကွေးခြင်းမှ လွတ်ကင်းသော ကိုယ်တော်-၉, အသားထွင်၌ အသားမြတ်မှည့်မှတ်ဝကျ်ခြံလည်း ဆံလွှာမျှမစက်၍ နှစ်သက်ဘွယ်အတိသာရှိသော ကိုယ်တော်-၁၀, ဇောတိရသ ဝေဘူလတောင်ဖြစ် မဏိစစ်ကဲ့သို့ အညစ်အကြေးကင်းသော ကိုယ်တော် -၁၁, ဖန်ဆင်းသည့်အမျိုး တန်ခိုးနှင့်မရော သဘောနကို အလိုလိုတဝင်းဝင်း ထွန်းလင်းတောက်ပသော ကိုယ်တော် -၁၂, သကမဥ္ဇူ ကက္ကုရှုအကျော်နက် သရက်ခံရန့်ကဲ့သို့ တပျံ့ပျံ့မွှေးကြိုင်သော ကိုယ်တော်-၁၃,ရှိသည် အားဖြင့် ကိုယ်တော်အင်္ဂါလက္ခဏာငယ် ၁၃-ပါး။

၂၁။ ကောဋိသဟဿ ဗလဓာရတာ=ကာဠာဝက ဆင်မှစ၍ တိမ်ဝမ္ဗူးပျော် ဥပေါ်မည်သီး ဆင်ကိုးစီး၏ ကြီးမားစွမ်းသန် ကိုယ်အား အန်ကို ဆဒ္ဒန်ဆင်ပြောင် တစီးဆောင်၏၊ ဘုန်းခေါင်မုန် မာရဇီ၏ ပကတိအားအန်ကြီးမားဟန်မူ ဆဒ္ဒန်မာတင် ဆယ်စီးဆင်၏ စွမ်းအင်သန်ကြွား ဆောင်သောအားကို ယောကျာ်း ဗိုလ်ခြေကုဋေ တသောင်း ရုံးပေါင်း များပြား ဆောင်သော အားကို ပေါ့ပါးလွယ်ကာ ဆောင်နိုင်စွာသော ကာယဗလနှင့် ပြည့်စုံတော်မူခြင်း ရှိသည်လည်း လက္ခဏာတော်ငယ်တပါး။

၂၂။ သုဂန္ဓမုဒ္ဓမုခံ=မာလာယုကျွန်းဖြစ် နံ့သာနှစ်စန္ဒကူးကဲ့သို့ လေမြူးတိုင်း မွှေးထုံသော ခံတွင်း,ပျံ့သင်းသော

မဏိတော်မြတ် ဤနှစ်ရပ်လည်း လက္ခဏာ တော်ငယ် နှစ်ပါး။

၃၅။ သုခုမ အသာသပသာသသမောရတာ= ဖြေးညှင်း မွေ့ ညက် သံမထွက်သော ထွက်သက် ဝင်သက်ကို ဆောင် နိုင်သည်လည်း လက္ခဏာတော်ငယ် တပါး။

၃၆။ ကုဏ္ဍလာဒိလောမတာဒိ လက္ခဏာ ဆက္ကံ= ကျောက် ဣန္ဒနီ စိန်ဝဇီဖြင့် စီရင်သွန်း ခတ်သော မန္တာတ် မင်း နားဍောင်းဝယ် အရေးကြောင်း မြသကဲ့သို့ ကောင်း စွာဝန်းလည် တည်သော မွေးညှင်းတော်မြတ် ရှိသည် -၁, လကျာ ရစ်သာ လည်လျက် ပေါက် သော မွေး ညှင်းတော်မြတ် ရှိသည် -၂, မဖေါက်မပြန် သဏ္ဍာန် အားဖြင့် တင့်တယ်သော မွေးညှင်းတော်မြတ်ရှိသည် -၃, ငယ်ကြီးမဆို တိုရှည်မထင် တသွင်တည်း ညီညွတ် သော မွေးညှင်းတော်မြတ် ရှိသည်-၄, မွတ်မွတ် ထွား ထွား ဖျားရင်းအနေ ပြစ်ပြေ အတွေ့ သိမ်မွေ့ ညှို့ ပျောင်းသော မွေးညှင်းတော်မြတ် ရှိသည်-၅, မှောင်း မှောင်းညိုလွင် အဥ္စနတောင် မျက်စင်းရောင်ကဲ့သို့ ထွန်း ပြောင် ကြည်လင်သော မွေးညှင်းတော်မြတ် ရှိသည် -၆, အားဖြင့် မွေးညှင်းတော်မြတ်အင်္ဂါ လက္ခဏာ တော်ငယ် ခြောက်ပါး။

၄၃။ ဒက္ခိဏာဝဋ္ဋနာဘိတာ= သမ္ဗုန္ဓရိကဲ ကမ္ဘာ့ ထုံးတမ်း ကျမ်းနှင့်တန်တစ် ယွင်းမလစ်အောင် လကျာရစ်သာ လည်လျက်ပေါက်သော ချက်တော်-၁, မပေါ်မပြူ မစူမတက် အလွန်နက်သော ချက်တော်-၂, အရာ အ



ကွင်း ကျင်းလည်း မထင် အပျဉ်မျှ ညီသော ချက် တော်၃,ရှိသည်အားဖြင့် ချက်တော်၏အင်္ဂါ လက္ခဏာ တော်ငယ် သုံးပါး။

၄၆။ ဂမ္ဘီရပါဏိလေခတာဒိလက္ခဏာ ပဥ္စကံ= နီဖလုံ နာရ ကာ ရတနာနီတုံ့ကို ပုံသွင်း၍ ထားဘိသကဲ့သို့သော လက်ဝါးတော် အပျဉ်တော်ဝယ် ထင်လာသော အ ရေးလည်း မမှေးမယှက် နက်စွာတည်သော အရေး အကြောင်းရှိသည်-၁, နီသော အရေးအကြောင်း ရှိ သည်-၂, သားသားနားနား ရှည်လျားသော အရေး အကြောင်းရှိသည်-၃, တစဆတ္တရာ ကြာခရုသင်း ကောင်းခြင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော အရေး အကြောင်းရှိသည်-၄, ပြိုပြိုသသ ဒွိဟာမရှိ သိသာထင် ရှားသော အရေးအကြောင်းရှိသည်အားဖြင့်-၅, လက် ဝါးတော်၏ အင်္ဂါ လက္ခဏာတော်ငယ် ၅-ပါး။

၅၁။ အာယတ ရတ္တဓရတာ= မထူမပါး တွဲလျားမကျ အလွန်လှလျက် ရှည်လျားသော နှုတ်ခမ်းတော်-၁, ခေါင်ရမ်းပွင့်ပြီ တွေးတွေး နီလျက် ရှုအိဘွယ် ရှိလှ သော နှုတ်ခမ်းတော် ရှိသည်အားဖြင့်-၂, နှုတ် ခမ်း တော်၏ အင်္ဂါ လက္ခဏာတော်ငယ်နှစ်ပါး။

၅၃။ ဝိသုဒ္ဓစက္ခုန္ဒြိယတာ= စက္ခာယတန မံသစက္ခုကို သုံး ပုံယူလျှင် မျက်ဖြူနှစ်ချက် မျက်နက်နှစ်ဘို့ ဤသို့တည် ကာ အလယ်ချာ၌ ပသာဒအစုံ မှုံမှုံမစွန်း ထက်ဝန်း ကျိုင်စင်ကြယ်လျက် သပ္ပါယ်တော်မူလှသော စက္ခုန္ဒြေ

ရှိတော်မူခြင်းသည်လည်း လက္ခဏာတော်ငယ် တပါး။

၅၄။ သုဝတ္တတိက္ခဒါဠ္ဍသုက္ကသိနိဒ္ဓဒန္တတာ= သာခွါငွေစင် ပွတ်ဖြင့် ငင်သကဲ့သို့ ဝန်းကျင်ပတ်ကုံး လုံးသော စွယ်တော်-၁, ရှူးသွယ်မြိုက်စက် ထက်လှသော စွယ်တော်-၂, ရှူမြော်ဖွေးဖွေး မြတ်လေးပွင့် အလားကဲ့သို့ ဖြူထွားသော သွားတော်-၃, ဖျားရင်းအနေ ပြစ်ပြေစေ့စပ် ကြားမလပ်သော သွားတော် ရှိသည်အား ဖြင့်-၄, သွားတော်၏အင်္ဂါ လက္ခဏာတော်ငယ် လေးပါး။

၅၈။ ရတ္တဝရဏမံသဇိဝှါ= ကမ္ဗလာနီ ချိပ်ရည်ရောင် တွေးယုန်သွေးတမျှ နီမြန်းလှသောနှုတ်ခမ်းတော်-၁, ထိုတူပမာနီလှစွာသော လျှာတော်-၂,နှာခေါင်းနားပေါက် သွင်းလျှောက်သုံးသပ် ဆံစပ်နဖူးကိုမှီသဖြင့် ရှည်လျားကြီးပြန့်သော လျှာတော်-၃, အလွှာလွှာ အချပ်ချပ်ခေါက်ထပ်လိပ်ခွေတိုင်းဖြင့် နဂ္ဂထည်မျိုးပိုးကတ္တီပါကဲ့သို့ လွန်စွာညံ့သက် မွေ့ညက်သော လျှာတော်ရှိသည်အားဖြင့်-၄, လျှာတော်၏အင်္ဂါ လက္ခဏာတော်ငယ် လေးပါး။

၆၂။ မုဒုဟနုတာ=မစွန်းမစက် မြူမှုံမတင် ပြစ်စင်သမူ လွန်မြတ်နုသော မေးတော်ရှိခြင်း သည်လည်း လက္ခဏာတော်ငယ်တပါး။

၆၃။ တုဃ်နာသာ၊ ရတနာရောင်မောင်း ရွှေချွန်းတောင်းကဲ့သို့ နှာခေါင်းတော်ရိုး ပြည့်ဖြိုး သွန်းသွန်း ချွန်းသောအင်္ဂါလည်း လက္ခဏာတော်ငယ် တပါး။



၆၄။ ဝိသာလပသာဒသုသုက္ကနေတ္တံ= မျက်ရစ် မျက်တောင် မျက်မှောင်တပြင် ဂွမ်းစဉ်ဝဲယာပိုင်းခြားရာ၌ သမ္ဘာရ မစုမဝန်း ထောင့်ယွန်းမငယ် ကြီးကျယ်ဝန်းဝန်း နှိုင်းရာကင်းသော မျက်ကွင်းတော်မြတ်ရှိသည်-၁, မငြိမရှောက် မှုန်နှောက်ခြင်းမရှိ ပကတိကျောက်မှုန် ကြေးမုံသံလည်း မတန်မရာ ကြည်လှစွာသော ပသာဒစက္ခုတော် ရှိသည်-၂, လောဟိတပိတ္တံ ဖေါက်ပြန်လှုပ်ရှားခတ်ချောက်ချား၍ ထွက်ပွါးစိုစွတ် မျက်ဝတ် မျက်ရည် ယိုသည်မရှိ ပကတိ သိမ်မွေ့ကောင်းစွာ သွေ့သော မျက်အိမ်တော် ရှိသည်အားဖြင့်-၃, မျက်လုံးတော်၏အင်္ဂါ လက္ခဏာတော်ငယ်သုံးပါး။

၆၇။ အာကိဥ္စိတဂ္ဂာယတမဟာန္တံ= ဝဲယာပါးမုန်း ယွက်ဆုံးမကူး မပူးမထွေး မင်စုတ်သေးဖြင့် ရေးသည့်ပမာ စိကာသားနား စက်တင်လားသို့ အဖျားကော့ညွတ် ချီးမွမ်းအပ်သော မျက်မှောင်တော်-၁, လျော်စွာလိုက်လား ရှည်လျားကြီးထွေသော မျက်မှောင်တော်-၂, သိမ်မွေ့ညံ့ထွား ထင်ရှားသော မျက်မှောင်တော် ရှိသည်အားဖြင့်-၃, မျက်မှောင်တော်၏အင်္ဂါ လက္ခဏာတော်ငယ် သုံးပါး။

၇၀။ အနာဓုတ သုစာရု အာလယကျံနံ=မလန်မကုပ် ပြတ်စုတ်မယှု တင့်တယ်လှသော နားတော် ၂-ရွက် အထက်နှင့်အောက် အထောက်အလှမ်း နှိုင်းတန်းညီမျှ ကျမ်းရမပျက် မပက်မကျယ် မငယ်အထည် ရှည်သော နားတော်အစုံ ဤသို့ဂုဏ်လည်း သုံးဘုံလူဖျား ထွဋ်ထိပ်

ထား၏ နားရွက်တော်အင်္ဂါ လက္ခဏာတော်ငယ် နှစ်ပါး။

၇၂။ အာယာနလသတာ= ဂီဝါမျှနှစ် ရွှေသင်း ကျစ်၏ ခြယ်ရစ်မှတ်သား ထိုနောက်နားဝယ် ရွှေပြားခတ်အုပ် စတိလုပ်သော ရွှေရုပ်အသွင် ဝန်းကျင်ပြန့်ကျယ် မငယ်မရှုးသော နဖူးတော်မြတ်ရှိခြင်းသည်လည်း လက္ခဏာတော်ငယ်တပါး။

၇၃။ ဆတ္တမဏ္ဍလ သီသတာ=ရတနာပိုးချည် ယှက်လီခရိုင် ရွှေဆိုင်တွင်းပြင် ထည်မွန်းဆင်လျက် မြက်ရှင်ဇောတရတ် အထွဋ်တပ်သော ထိန်လျှံရောင်စွန်း ထီးဝန်း၏ အသွင် ကိုယ်ပြင် အလုံးကိုဖုံး၍ တင့်တယ်သော ဦးခေါင်းတော်မြတ် ရှိခြင်းသည်လည်း လက္ခဏာတော်ငယ်တပါး။

၇၄။ သုနီလ ကေသတာဒိ=လက္ခဏာဆံ့၊ ကြာဆံပန်းဝတ် ချွေဆွတ်ယူသုံး ပဒုံးတောင်ပံ နှိုင်းစံမဖက် မည်းနက်ပြောင်ရှန်း ညိုရောင်လျှမ်းသော ဆံတော်-၁, ကြမ်းချော်မတွေ့ သိမ်မွေ့ဖွံ့ဖြိုးသော ဆံတော်-၂, ပေါက်ဟန်ရောက်ဟန် ဘောက်ပြန်မသွေ့ ပြစ်ပြေညီမျှသော ဆံတော်-၃, ဆံရိုးဆံရွက် မရှုပ်ရှက်ဘဲ ချက်ချက်ချင်ချင် သွင်သွင်မြည်အံ့သကဲ့သို့ မဖွံ့မြူးနီ ပင်ချင်းသေးသေး မထွေးမယှက်သော ဆံတော်-၄, မဏိကုဏ္ဍလ တောက်ပလျှံသန်း နားဥဒေါင်းဝန်းကဲ့သို့ အစွန်းအစ မမျှရှည်တိုပိုသည်မရှိ ပကတိအညီအညွှတ်ရောက်သော ဆံတော်-၅, နဖူးအထက် နှစ်ဘက်နသယ် နောက်ဖယ်



ပတ်လှည့် လုံးစုံပြည့်အောင် ထပ်ရှိပိုင်းခြား ညှို၍ထားသကဲ့သို့ ပါးပါးမဖြစ် လကျ်ာရစ်လည်သော ဆံတော်ရှိသည်အားဖြင့်-၆, ဆံတော်၏ အင်္ဂါလက္ခဏာ တော်ငယ် ၆-ပါး။

၈၀။ ကေတုမာလ သီသတာ= ရတနာရွှေလှော် ဦးခေါင်းတော်မှ ရှုမြော်မရက် အလျှံတက်၍ အထက်ထိပ်လယ်ဝယ် ကိုးသွယ်နဝရတ် စီတပ်ခြယ်လှင်စုရုံးစဉ်၍ ထားတင်သည့် ပမာ နတ်လူတကာတို့ မြင်ရစွာ ကြောင့်မင်္ဂလာတခု ခေါ်မှတ်ပြုသော ကေတုမာလာ ဤအင်္ဂါလည်း လက္ခဏာတော်ငယ်တပါး။

ဤသို့အားဖြင့် ရင်းဖျားအစ တမ္ဗနခအနုဗျဥ္ဇနာ, နောက်မှာ ရုံးစု ကေတုမာလာ သချ်ာပေါင်းရုံး ကိုယ်တော်လုံး၌ တင့်ဆုံးကြွက်သရေ မြူတေအံ့ဘွယ် ရှစ်ဆယ်လက္ခဏာ ပြည့်စုံစွာသော၊ တံမဟောသိ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊အကျွန်ုပ်သည်။ သိရသာ၊ဦးဖြင့်။ နမေ နမာမိ၊သဒ္ဓါမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။